BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

“ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ ”

The Lightning Newsletter

အမှတ် (၁၀၄) ခရစ်နှစ်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ | မြန်မာသက္ကရာဇ် (၁၃၇၁) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။

## နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နအဖ စစ်အစိုးရမှ မတရားအမှုဆင် ဖမ်းဆီးထောင်ချတော့မည်



ဇွန်လ၊ ၂၆ ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ရုံးတင်တရားစွဲဆိုထားသည့်အမှုအား ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေတဦးဖြစ်သည့် ဒေါ်ခင်မိုးမိုးအား စစ်ဆေးရန်ရှိသော်လည်း မစစ်ဆေးဖြစ်ကြောင်း ရှေ့နေကြီးဦးညဏ်ဝင်းမှ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ သက်သေတဦးဖြစ်သည့် ဒေါ်ခင်မိုးမိုး၏ ထွက်ဆိုချက်အား ကြားနာရန်ရှိသော်လည်း ဆက်လက်မကြားနာဖြစ်ပဲ ဇူလိုင်လ (၃)ရက်နေ့၊ မနက်(၁၀)နာရီသို့ သတ်မှတ် ချိန်းဆိုလိုက်သည်။

အင်းစိန်ထောင်ဝန်းအတွင်း အထူးတရားရုံး၌ ရုံးချိန်းရက် တွေ့ဆုံချိန်တွင် ဒေါ်အောင်ဆန်းစုကြည်မှ (၂၅) ရက်နေ့ကပြုလုပ်ခဲ့သည့် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ သတင်းစာရှင်းလင်းပွဲနှင့် ပတ်သက်၍ မည်သည့်အတွက် ပြုလုပ်ကြောင်း ဦးညဏ်ဝင်းအား မေးမြန်းခဲ့သည်။

တရားရုံးရှေ့တွင် ရောက်နေသည့် အမှုအတွက် press show ပြုလုပ်ခြင်းသည် မသင့်လျော်ကြောင်း၊ တရားရုံးအား မထီမဲ့မြင်ပြုလုပ်ရာရောက်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေနှင့် ရေဒီယို နားထောင်ခွင့်မရ၊ သတင်းစာဖတ်ရှုခွင့်လည်းမရသည့်အတွက် သတင်းစာရှင်းလင်းပွဲတွင် ပြောသွားသည့် အကြောင်းအရာများအား တိတိကျကျ သိခွင့်မရသောကြောင့် သူမ၏ သဘောထားတစုံတရာအား ပြောမပြနိုင်ကြောင်း ဦးညဏ်ဝင်းမှ ပြောသည်။

ထိုနေ့ ရုံးချိန်းတွေ့ဆုံချိန်တွင် ဒေါ်အောင်ဆန်းစုကြည်အား မစ္စတာဂန်ဘာရီရောက်ရှိနေကြောင်း၊ ဦးညဏ်ဝင်းမှပြောဆိုရာ ဒေါ်အောင်ဆန်းစုကြည်မှ မှတ်ချက်ပေး ပြောဆိုခြင်းမရှိကြောင်း ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ဘက်မှ ခုခံချေပရန်တင်ထားသော သက်သေနှစ်ဦးဖြစ်သည့် သတင်းစာဆရာကြီး ဦးဝင်းတင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့အား ဇွန်လ ၂၉ ရက်နေ့တွင် ဗဟိုတရားရုံးမှ ပယ်ချလိုက်ကြောင်း ရှေ့နေကြီးဦးညဏ်ဝင်းမှ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ဥပဒေနှင့်အညီတင်ထားသည်ကို ပယ်ချလိုက်ခြင်းသည် ဥပဒေနှင့်ညီသည်ဟု မယူဆကြောင်း၊ ၎င်းပြင် တရားလိုဘက်မှ သက်သေ (၁၅)ယောက်ရှိပြီး ဒေါ်အောင်ဆန်းစုကြည်ဘက်တွင် သက်သေ(၂) ယောက်သာ စစ်ခွင့်ရသောကြောင့် တရားမျှတမှုမရှိကြောင်း၊ ယခုပယ်ချလိုက်သော သက်သေ (၂) ဦးအား ဗဟိုတရားရုံးမှ ဇွန်လ (၂၄) ရက်တွင် နှစ်ဘက်ကြားနာပြီးနောက် ယခုကဲ့သို့ အမိန့်ချလိုက်ခြင်းဖြစ်သည်။

ဇူလိုင်လ ၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏သက်သေ ဒေါ်ခင်မိုးမိုးအား စစ်ဆေးရန် သွားရောက်ရာ စစ်ဆေးကြားနာမှုမရှိဘဲ ဇူလိုင်လ(၁၀) ရက်နေ့သို့ ထပ်မံပြောင်းရွှေ့ချိန်းဆိုလိုက်ကြောင်း ဦးညဏ်ဝင်းမှ ပြောသည်။

ဗဟိုတရားရုံးသို့ ရောက်ရှိနေသောအမှုတွဲ ပြန်လည်ရောက်ရှိမလာသေးသောကြောင့် ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်ဟု အကြောင်းပြကြောင်း၊ ဘန်ကီမွန်းခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ အခြားအစီအစဉ်တခုရှိမည်ဟု သံသယဖြစ်မိကြောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာဘန်ကီမွန်း တွေ့ဆုံရေးသော်လည်းကောင်း၊ ဘန်ကီမွန်းခရီးစဉ်နှင့် ယခုအမှုကိစ္စတွင် နှစ်ဦးနှစ်ဘက် ညှိနှိုင်းခြင်းမျိုးသော်လည်းကောင်းဖြစ်နိုင်ကြောင်း ဦးညဏ်ဝင်းမှ ပြောသည်။

ဒေါ်ခင်မိုးမိုးမှလည်း “ဒီနေ့ကျတော့ အမှုတွဲမရောက်သေးလို့ဆိုပြီး ထပ်ချိန်းလိုက်တာကတော့ တရားစီရင်ရေးလုပ်ငန်းမှာ အချိန်ဆွဲထားသလိုဖြစ်တယ်လို့ ကျမယူဆတယ်”ဟု ပြောသည်။

ဒေါ်ခင်မိုးမိုးအား ဇွန်လ ၂၆ ရက်နေ့တွင် စစ်ဆေးရန်ရှိသော်လည်း ဦးတင်ဦးနှင့်ဦးဝင်းတင်အမှုတွဲမှာ တရားရုံး



ချုပ်သို့ တက်နေဆဲဖြစ်ပြီး ဗဟိုတရားရုံးမှ အမိန့်မကျသေးသောကြောင့် ဇူလိုင် ၃ ရက်နေ့သို့ ဒုတိယအကြိမ် ပြောင်းလဲချိန်းဆိုခြင်းမှာ သဘာဝကျသော်လည်း ယခုတတိယအကြိမ်အဖြစ် ဇူလိုင်လ (၁၀) ရက်နေ့သို့ ထပ်မံချိန်းဆိုလိုက်ခြင်းဖြစ်ကြောင်း ဒေါ်ခင်မိုးမိုးမှ ပြောသည်။

ဇူလိုင်လ (၁၀) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ခုခံချေပရန် တင်ထားသော သက်သေဖြစ်သည့် ဒေါ်ခင်မိုးမိုးအား ကြားနာစစ်ဆေးရာ ဒေါ်ခင်မိုးမိုးတဦးတည်း နံနက် (၁၀)နာရီမှ စတင်စစ်ဆေး၍ နေ့လည် (၁၂)နာရီနှင့် (၁)နာရီကြား နားချိန်အဖြစ် သတ်မှတ်ပြီး ဆက်လက်စစ်ဆေးကြားနာရာ ညနေ (၅)နာရီတွင် ပြီးဆုံးကြောင်း သိရသည်။

ဒေါ်ခင်မိုးမိုးအားစစ်ဆေးရာတွင် ၁၉၇၄ အခြေခံဥပဒေမရှိတော့ကြောင်း ပြောဆိုထားသည်ကို ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေရှိသည်ဟုဆို၍ ဥပဒေများ၊ ညွှန်ကြားချက်များ၊ တရားစီရင်ချက်များဖြင့် မေမြန်းအချိန်ကုန်စေခဲ့ကြောင်း ရှေ့နေကြီး ဦးညဏ်ဝင်းမှ ဧရာဝတီသို့ပြောသည်။

ဆက်လက်၍ ဒေါ်ခင်မိုးမိုး၏ ထွက်ဆိုချက်များမှာ ကောင်းမွန်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား စတင် ထိန်းသိမ်းစဉ်တွင် အလုပ်သမားဝန်ကြီးမှ ဒေါ်အောင်ဆန်းစုကြည်၏ အသက်အန္တရာယ်အား ကာကွယ်ရန်ထိန်းသိမ်းခြင်း ဖြစ်ကြောင်းအား ကမ္ဘာသိကြေညာထားခြင်း

စာမျက်နှာ (၆) ကော်လံ (၁) သို့ ....

## မြန်မာသည် အထီးကျန် မဟုတ်ပါဟု ဘန်ကီမွန်း ပြော

ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဧည့်သည်တော်များနှင့် ရောင်းရင်းမိတ်ဆွေများ ခင်ဗျား။

ဒါဟာ တနှစ်ကျော်အတွင်း မြန်မာနိုင်ငံကို ဒုတိယအကြိမ်မြောက် လာရောက်ခြင်းဖြစ်ပါတယ်။ နှစ်ကြိမ်စလုံးဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် အရေးကြီးတဲ့ အချိန်များပင် ဖြစ်ပါတယ်။

ပထမ ကျနော် လာရောက်တဲ့အချိန်ဟာ နာဂစ်မုန်တိုင်း ဝင်ရောက်ပြီးချိန်အတွင်းဖြစ်ပါတယ်။ ဒီကြောက်မက်ဘွယ် သဘာဝဘေးအန္တရာယ်ဟာ အသက်ပေါင်းများစွာကို ယူသွားခဲ့တယ်၊ ကြမ်းတမ်းတဲ့ အခြေအနေတွေကိုလဲ ဖန်တီးခဲ့တယ်၊ တကမ္ဘာလုံးရဲ့ နှလုံးသည်းပွတ်တွေကိုလဲ ခံစားရအောင် လှုပ်ကိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ လိုအပ်နေချိန်မှာ ကမ္ဘာက ရက်ရက်ရောရော တုံ့ပြန်ခဲ့ပါတယ်။

ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရန် ကြိုးပမ်းချက်ဖြစ်တဲ့ သင်တို့ရဲ့ ထင်ရှားတဲ့ ပံ့ပိုးကူညီမှုများအတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဒီနေ့ ဒီနေရာကနေ ပုဂ္ဂိုလ်ရေးအရ ကျနော် ပြောကြားလိုပါတယ်။

သင်တို့ဟာ အသက်ပေါင်းများစွာကို ကယ်ခဲ့ပါတယ်၊ လူ့အသိုင်းအဝိုင်းကို ပြန်လည်ရှင်သန် လန်းဆန်းစေပါတယ်၊ ထောင်ပေါင်းများစွာသော ပြည်သူတွေကို သူတို့ရဲ့ နေထိုင်မှုဘဝများအား ပြန်လည် အသက်ဆက်စေနိုင်ခဲ့ပါတယ်။

ဂုဏ်သရေရှိ လူကြီးမင်းများ ခင်ဗျား။

အာရှတိုက်သားတယောက်အနေနဲ့ရော အထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ပါ နာဂစ်မုန်တိုင်းဒဏ်ကို ကြေကွဲစွာ ခံစားရမိပါတယ်။

ကျနော်ဟာ အာရှတိုက်ရဲ့ ဒုတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ်ပါ။ ပထမမြောက်ပုဂ္ဂိုလ်ကတော့ မြန်မာနိုင်ငံသား ဦးသန့်ပါ။ သူ့ရဲ့ မှတ်ဉာဏ်



ကို ကျနော် မြတ်နိုးကြည်ညိုပါတယ်။ သူ့ရဲ့ပညာရှိစကားကိုလဲ အမှတ်ရပါတယ်။

ဦးသန့်က ဆိုမိန့်ခဲ့ပါတယ်။ “လူသားတဦးချင်းစီရဲ့ တန်ဖိုးဟာ ကျနော်တို့ရဲ့ အဖိုးတန်ပိုင်ဆိုင်မှုတွေအနက် အလွန်ထူးခြားပြီး အလွန်တန်ဖိုးရှိလှပါတယ်။ အစိုးရများ၊ စနစ်များ၊ အတွေးအခေါ်များနဲ့ အသင်းအပင်း၊ အဖွဲ့အစည်း

စာမျက်နှာ (၄) ကော်လံ (၁) သို့ ...

“အမျိုးသားပြန်လည်သင့်မြတ်ရေးကို အရင်မလုပ်ဘဲနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလုပ်မယ်ဆိုရင် ၂၀၁၀ ရွေးကောက်ပွဲဟာ မျှတမှုလည်းမရှိဘူး၊ တရားဝင်မှုလည်းမဟုတ်ဘူး”

ဒေါ်အောင်ဆန်းစုကြည်

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## လူထုဖိအားမှလွဲ၍ အခြားမရှိပြီ

"အမျိုးသားရင်ကြားစေ့ရေးကိုမလုပ်ဆောင်ပဲနဲ့ ကျင်းပမဲ့ရွေးကောက်ပွဲဟာ တရားဝင်မှုရှိမှာ မဟုတ်သလို တရားမျှတမှုလည်းရှိမည်မဟုတ်ပါ" ဟု ကုလသမဂ္ဂမှ ပြောကြားသင့်ကြောင်း ဇွန်လ (၂၄) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်က သူ၏ရှေ့နေ ဦးဉာဏ်ဝင်းမှတဆင့် ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းပြောကြားချက်သည် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက်သာမဟုတ်၊ စစ်အာဏာရှင်အောက်ရှိ လူမျိုးစုံ အဖိနှိပ်ခံပြည်သူအပေါင်းသို့ ယနေ့ကာလ အကြပ်အတည်းနှင့် စပ်လျဥ်း၍ ကိုင်တွယ်ဖြေရှင်းရာတွင် ထားရှိကြရမည့် မူဝါဒလမ်းကြောင်းကို (Message) ပေးလိုက်ခြင်းဖြစ်သည်ဟု မှတ်ယူရာ၏။

စစ်မှန်သည့် အမျိုးသားရင်ကြားစေ့ရေးကို သက်ဆိုင်သူအားလုံး တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းနည်းလမ်းမှလွဲ၍ အခြားနည်းလမ်းမရှိကြောင်း နိုင်ငံရေး ပညာရှင်များက ဝိုင်းဝိုင်းဟစ်ပြုကြသည်။ ဤသို့ဆိုလျှင် အကောင်အထည် မည်မည်ရရ မရှိသော တွေ့ဆုံဆွေးနွေးအဖြေရှာရေး ပေါ်ထွန်းလာစေရေးအတွက် အခြေအနေများကို မည်သို့ ဖန်တီးရမည်နည်းဟူသောမေးခွန်းမှာ မြန်မာပြည် ဒီမိုကရေစီအင်အားစုများအတွက် မလွဲမသွေဖြေဆိုရမည့် မေးခွန်းဖြစ်လာပေသည်။ တနည်းအားဖြင့်ဆိုသော် ဤသို့သော အခြေအနေမျိုးဖန်တီးရန်မှာ နိုင်ငံရေးအင်အားစုများ၏ တာဝန်သက်သက်သာမဟုတ်၊ လူမျိုးစုံပြည်သူအပေါင်း၏သမိုင်းပေးတာဝန်လည်း ဖြစ်သည်။

ဤကဲ့သို့သော တိုင်းပြည်နှင့်လူမျိုးအတွက် အရေးပါလှသည့် အလှည့်အပြောင်းများ ဖြစ်ပေါ်လာမည့်အခြေအနေတရပ်တွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးသည် အဘယ့်ကြောင့် အဓိကလိုအပ်နေပါသနည်းဆိုသော် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးသည် ပြဒါးရှင်လုံးသဖွယ် အရာရာကို အကောင်းဖက်သို့ ဦးတည်စေနိုင်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အကောင်အထည် မဖော်နိုင်ပါက မြန်မာပြည်သည် အစွန်းဆုံး ကြေမွပျက်သုဉ်းသော ပျက်သုဉ်းနိုင်ငံ (Failed State) အဖြစ်သို့ ရောက်ရှိသွားနိုင်သောကြောင့်ဖြစ်သည်။

အမိနိုင်ငံအား အစွန်းဆုံးကြေမွပျက်သုဉ်းလျက် ပျက်သုဉ်းနိုင်ငံအဆင့်သို့ မရောက်ရှိရေးမှာ နိုင်ငံသားတဦးချင်းစီ၏ ပခုံးပေါ်သို့ကျရောက်နေသည့် သမိုင်းပေးတာဝန်ဖြစ်သည်။ ယင်းတာဝန်ကိုထမ်းဆောင်ရန်အတွက် သက်ဆိုင်သည့် အင်အားစုများအကြား ပြည်သူလူထုနှင့် နိုင်ငံတော်အကျိုးကို ရှေ့ရှုသည့် တွေ့ဆုံဆွေးနွေးအဖြေရှာမှုများ ပေါ်ပေါက်လာရန် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည်။

မေးရန်ရှိသည်မှာ အဓိပ္ပါယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရေးအတွက် မည်သို့မည်ပုံကြိုးပမ်းမည်နည်းဟူသောမေးခွန်းဖြစ်သည်။ လက်ခုပ်တီးရာ၌ တဖက်တည်း တီးမရသကဲ့သို့ တဖက်က (NLD) က တွေ့ဆုံဆွေးနွေးရေးကို ပါတီစတည်ထောင်စဉ်ကတည်းကပင် တောင်းဆိုခဲ့သော်လည်း စစ်အုပ်စုမှ ခေါင်းမာစွာ ငြင်းပယ်ခဲ့သည့်အတွက် တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်မလာနိုင်သေးခြင်းဖြစ်သည်။ အဘယ့်ကြောင့် နအဖ က တွေ့ဆုံဆွေးနွေးမှုကို ငြင်းပယ်နေသနည်း။ ဒီမိုကရေစီအင်အားစုများက တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို ကြိုးပမ်းရာ၌ နိုင်ငံတကာဖိအားအပေါ် အဓိကထားလျက် ပြည်သူလူထု၏ ဖိအားကို အရံအနေအထားဖြင့် ကျင့်သုံးခဲ့သည့် သေနင်္ဗျူဟာ အမှားယွင်းကြောင့်ဖြစ်သည်။

ဖော်ပြပါ သေနင်္ဗျူဟာအမှားအယွင်းကို ဒီမိုကရေစီအင်အားစု ခေါင်းဆောင်များအကြားသာမက တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များကလည်း ထောက်ပြဝေဖန်နေကြသည်။ ဦးဝင်းတင်အမှုးပြုသော ဒီမိုကရေစီအင်အားစု ခေါင်းဆောင်ပိုင်းကလည်း ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေကြသည်။ နှစ်ကာလအတော်ကြာ အမြစ်တွယ်နေသော နည်းပရိယာယ်ဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်သောကြောင့် ဉာဏ်ဖွမန်း၍ကားပြင်၍မရ။ လူထုအားမှတဆင့် ဒီမိုကရေစီအင်အားစုဝင်များ၏ ထုအားဖြင့်သာ ပြင်မှရပေမည်။ ပြင်ရန်ကြိုးပမ်းနေသည့် လုပ်ငန်းများကို တွေ့နေရသည့်အတွက်လည်း အားမာန်များတိုးပွားရသည်။

ချုပ်၍ဆိုရသော် စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်ရန်အတွက် အဓိပ္ပါယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး အခြေအနေများ ဖြစ်ထွန်းလာရန်မှာ လူထုဖိအားမှလွဲ၍အခြားမရှိပါကြောင်း မိုးကြိုးမှ တင်ပြပါသည်။ ♦

**စစ်ကျွန်အဖြစ် ခံနစ်မခံ**

# မြန်မာနိုင်ငံအရေး လုံခြုံရေးကောင်စီတွင်ဖြေရှင်းရန် တလမ်းသာရှိတော့ကြောင်း ဦးဝင်းတင်ပြော



**သတင်းစာဆရာကြီး ဦးဝင်းတင်**

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့သွားရောက်သည့် အခါက ရည်ရွယ်ချက်မှာ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံရန်မဟုတ်ပဲ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် သွားရောက်တွေ့ဆုံပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စေရန် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရန် သွားခြင်းဖြစ်ကြောင်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်တင်ပြသော အချက်များနှင့်ပတ်သက်၍လည်း မြန်မာအစိုးရ၏တုံ့ပြန်ပြောဆိုသော အချက်ထဲတွင် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန် ရေရာမှုမရှိသည့်အတွက် မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးနှင့် ပတ်သက်၍ အကျိုးရလဒ်တစုံတရာမရှိဟု အပြတ်ပြောဆိုနိုင်သလားဟု ဗွီအိုအေမှ မေးမြန်းရာတွင် ဦးဝင်းတင်မှ ယခုလို ဖြေကြားခဲ့သည်။

ဒီမိုကရေစီအရေးနှင့် ပတ်သက်၍ ယတိပြတ်အဖြေမထွက်နိုင်သည့် အနေအထားတွင်ရှိသည်ဟုဆိုခြင်းအား သဘောတူကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိစ္စအတွက် သွားခြင်းမဟုတ်ဟု ပြောခြင်းအား လက်မခံနိုင်ကြောင်း၊ မြန်မာနိုင်ငံသို့ ဘန်ကီမွန်းသွားရောက်ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်အရေးအတွက် သွားရောက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အဝှမ်းမှ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ရန်၊ လွတ်မြောက်အောင်ဆောင်ရွက်ပေးရန်ဆိုသည့် တွန်းအားများကြောင့် လာရခြင်းဖြစ်သည်ဟု ယူဆကြောင်း ဦးဝင်းတင်မှပြောသည်။

ဦးအောင်ဒင်မှလည်း ဘန်ကီမွန်း မြန်မာနိုင်ငံသို့လာရောက်ခြင်းသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံရန် အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပါ တွေ့ဆုံရန်မျှော်လင့်၍ လာခြင်းဖြစ်ကြောင်း၊ ဗိုလ်ချုပ်သန်းရွှေနှင့်တွေ့ရာတွင်လည်း နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုနှင့် တောင်းဆိုချက်များအား မျက်နှာခြင်းဆိုင်၍ ပွင့်လင်းစွာ ပြောဆိုခွင့်ရခဲ့ကြောင်း၊ ဒေါ်စုနှင့် တွေ့ခွင့်မရသည့်အတွက် ဒေါ်စု၏နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်များအား နားလည်ခွင့်မရခဲ့သလို ၎င်း၏ စွမ်းဆောင်မှုများအားလည်း ဒေါ်အောင်ဆန်းစုကြည် နားလည်စေရန် ရှင်းပြခွင့်မရခဲ့သည့်အတွက် ကြီးမားသည့် ဆုံးရှုံးမှုတရပ်ဖြစ်ကြောင်း ဆိုသည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးချုပ်ကိုယ်တိုင် လာရောက်ခဲ့သော်လည်း ရလဒ်တစုံတရာ မရရှိသည့်အတွက် အတွင်းရေးမှူးချုပ်နှင့် ကျန်ကမ္ဘာ့နိုင်ငံများက လုံခြုံရေးကောင်စီမှနေ၍ မြန်မာ့အရေးကိစ္စအား ရှောင်လွှဲမရတော့သည့်အပြင် တာဝန်ယူရမည့် အခြေအနေသို့ရောက်ရှိလာစေရန် မျှော်လင့်ကြောင်း ဆိုသည်။

လုံခြုံရေးကောင်စီနှင့် ပတ်သက်၍ ဦးဝင်းတင်မှပြောဆိုရာတွင် မြန်မာနိုင်ငံအရေးသည် လွန်ခဲ့သည့် နှစ်လေးဆယ်အတွင်း တရုတ်ဖြူကိစ္စနှင့်ပတ်သက်၍ တကြိမ်သာရောက်ခဲ့ဖူးကြောင်း၊ တရုတ်ဖြူ အရေးတွင် အတန်အသင့်ကောင်းမွန်သည့်ဆုံးဖြတ်ချက်များရရှိခဲ့ကြောင်း၊ ယခုအကြိမ်တွင်လည်း လုံခြုံရေးကောင်စီ တင်ရန် အမေရိကန်နှင့်အင်္ဂလိပ်တို့ထံမှ အသံများ ထွက်နေသည်ကိုကြားရကြောင်းပြောသည်။

ဆက်လက်၍ အမေရိကန်နှင့် အင်္ဂလိပ်တို့ အဆိုပြုချက်များ တက်မလာမီ တရုတ်အစိုးရဘက်မှ ဗီတိုအာဏာသုံးမည့် အခြေအနေရှိနေသောကြောင့် မြန်မာ့ပြဿနာမှာ တနေ့တခြား ကြီးမားလာပြီး ကုလသမဂ္ဂ၏အခန်းကဏ္ဍမှာလည်း လျော့ကျသည့်အနေအထားတွင်ရှိနေသောကြောင့် မြန်မာ့အရေးအား ဖြေရှင်းရန် လုံခြုံရေးကောင်စီတခုတည်းသာ ကျန်တော့ကြောင်း ဦးဝင်းတင်မှ ပြောသည်။

ထိုကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ အတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာ့နိုင်ငံရေးပြဿနာအား ကိုယ်တိုင်ဝင်ရောက်ဖြေရှင်းသည်မှာ အောင်မြင်မှုမရတော့ကြောင်း၊ ၎င်း၏ကဏ္ဍမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ သို့မဟုတ် ၎င်း၏ mandate အားနည်းကြောင်း၊ ထို့ကြောင့် ၎င်း၏ mandate ပိုမိုအားကောင်းလာစေရန် လုံခြုံရေးကောင်စီတွင် Binding Resolution မဖြစ်မနေ လိုက်နာရမည့် ဆုံးဖြတ်ချက်မျိုးနှင့် ပံ့ပိုးကူညီရန် တောင်းဆိုခြင်းမျိုး လုပ်မည်ဆိုလျှင် တရုတ်နှင့် ရုရှားအနေနှင့် အကျပ်အတည်းရှိနိုင်ကြောင်းအား ဦးအောင်ဒင်မှ ပြောသည် ။

ဆက်လက်၍ ၎င်းက မစ္စတာ

**စာမျက်နှာ (၃) ကော်လံ (၁) သို့ ..**



## စာမျက်နှာ (၂) မှ အဆက် ....

ဘန်ကီမွန်းအနေနှင့် အထွေထွေအတွင်းရေးမှူးချုပ်သက်တမ်း နှစ် နှစ်ခွဲရှိနေပြီး နောက်တကြိမ် (၅)နှစ်သက်တမ်းအတွက် တာဝန်ထမ်းဆောင်နိုင်ရန် အင်အားကြီးနိုင်ငံများအား ချဉ်းကပ်သည့်အနေဖြင့် တရုတ်နှင့် ရုရှားနိုင်ငံတို့ ပြုံပြင်မည်ကိုလည်း စိုးရိမ်ကြောင်းနှင့် အားလုံး အဆင်ပြေမည့် နည်းလမ်းအားလည်း မျှော်လင့်မထားကြောင်း၊ NLD အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အများလက်ခံနိုင်စေရန် ပြန်လည်ပြင်ဆင်ပြီး ရွေးကောက်ပွဲကိုလည်း သမာသမတ်ကျအောင် ဆောင်ရွက်ပေးမည်ဆိုလျှင် ရွေးကောက်ပွဲဝင်မည့် သဘောထားရှိခဲ့ကြောင်း၊ ယခင်က ၁၉၉၀ ရလဒ်အား မလွဲမသွေ အကောင်အထည်ဖော်ရမည်ဆိုသည့် သဘောထားမျိုး မရှိတော့ကြောင်း၊ နှစ်ဦးနှစ်ဖက်ကြားတွင် ပြည်သူများ မနစ်နာစေမည့် နည်းလမ်းအား မျှော်လင့်ကြောင်း ပြောသည်။

ထိုသို့ ဦးအောင်ဒင်မှ NLD ၏ သဘောထားအား ပြောကြားသွားသည်ကို ဦးဝင်းတင်မှနေ၍

ရွှေဂုံတိုင်ကြေငြာစာတမ်းအား ပြန်စစ်လျှင် စစ်အစိုးရအား မျက်နှာချိုသွေးခြင်းမဟုတ်ကြောင်း၊ ပုံမှန်ပြောရိုးပြောစဉ်ကိုသာပြောကြောင်း၊ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကိုလည်း ပစ်ပယ်ထားခြင်းမဟုတ်ကြောင်း၊ တနည်းနည်းနဲ့ဖြေရှင်းပေးပါဆိုသည့် ဒေါ်အောင်ဆန်းစုကြည်၏စကားအတိုင်း ပြောခြင်းဖြစ်ကြောင်း ပြောသည်။

ထို့နောက် ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည် ပြည်သူမှပေးသည့် mandate ဖြစ်ကြောင်း၊ ပြည်သူမှပေးသည့် သဘောထားဆန္ဒ၊ အခွင့်အာဏာဖြစ်ခြင်းကြောင့် တနည်းနည်းဖြင့် နိုင်ငံရေးသိက္ခာနှင့် ဖြေရှင်း အဖြေထုတ်ရန် ဆိုလိုကြောင်း ပြောသည်။

ဆက်လက်၍ တောင်းဆိုသည့် နိုင်ငံရေးမှ ကမ်းလှမ်းသည့် နိုင်ငံရေးဘက် ရွေ့လာကြောင်း၊ တောင်းဆိုသည့်နိုင်ငံရေး၊ လွှတ်တော်ခေါ်ပေးရန်ဆိုသည့် အနေအထားမှ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းသည့် နိုင်ငံရေးသို့ရောက်လာကြောင်းနှင့် အခြေခံဥပဒေပြင်ပေးရန်နှင့် တရားမျှတသည့်ရွေးကောက်ပွဲပြုလုပ်ပေးလျှင် ရွေးကောက်ပွဲဝင်ရန်သဘောထားရှိကြောင်း၊ ပျော့ပြောင်းညင်သာစွာပြောဆိုခြင်းဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ လုံခြုံရေးကောင်စီမှ တစုံတရာတုန့်ပြန်ခဲ့လျှင် နိုင်ငံတကာမှ အဆုံးအဖြတ်များအား လျစ်လျူရှုထားသည့် မြောက်ကိုရီးယား၊ အီရန် စသည့် စစ်အစိုးရဆက်ဆံနေသည့် နိုင်ငံများ နည်းတူ တောင့်ခံထားမည်ဆိုသည့်သဘောထားမျိုးရှိနိုင်သလားဟု မေးမြန်းသည်ကို ဦးဝင်းတင်မှ ဖြစ်နိုင်ကြောင်း၊ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံပြဿနာ တက်လာလျှင် စစ်အစိုးရအား တွေ့ဆုံဆွေးနွေးရေးလုပ်ရန်၊ ရွေးကောက်ပွဲအား အများလက်ခံနိုင်သည့်ပုံစံမျိုးလုပ်ရန်၊ အကျဉ်းသားများလွှတ်ပေးရန်ဆိုသည့် တောင်းဆိုမှုမျိုးဖြင့် မရနိုင်ကြောင်း၊ စစ်အစိုးရအား ကြောက်လန့်သွားစေမည့် တင်းမာသည့် ဆုံးဖြတ်ချက်ချရန် လိုကြောင်းပြောသည်။

ဆက်လက်၍ ကုလသမဂ္ဂ အနေနှင့် နိုင်ငံတကာ လက်နက်ရောင်းဝယ်ရေး ပိတ်ပင်တားဆီးခြင်း (International Arms Embargo ) မျိုးလုပ်နိုင်ကြောင်း၊ သို့သော် လုံခြုံရေးကောင်စီမှ ထိုသို့ ဆုံးဖြတ်ခဲ့လျှင် စစ်အစိုးရအနေနှင့် လိုက်နာခြင်းရှိမည်မဟုတ်ကြောင်း၊ နှစ်ပေါင်း ၅၀ အတွင်း ထိုသဘောထားအား စစ်တပ်မှ ကိုင်စွဲထားခဲ့ကြောင်း၊ ဦးနေဝင်းလက်ထက်မှစ၍ ကမ္ဘာမှတောင်းဆိုချက်များ၊ ဆုံးဖြတ်ချက်များအား လက်မခံခဲ့သည့်နည်းတူ ၎င်း၏မျိုးဆက်များဖြစ်သည့် ယခုစစ်တပ်သည်လည်း ထိုသို့ခေါင်းမာသည့် သဘောထားများရှိနိုင်ကြောင်း၊ ၎င်းတို့၏ သဏ္ဌာန်တွင်း၌ မြောက်ကိုရီးယားနှင့် အီရန်ပုံစံမျိုး စိတ်ကူးများရှိနိုင်ကြောင်းနှင့် ၎င်းတို့အားကိုင်တွယ်ရန်မှာ ကြန့်ကြာနိုင်ကြောင်း ပြောသည်။

ထို့နောက် ကမ္ဘာမှ အီရန်နှင့် မြောက်ကိုရီးယားကိစ္စအား အရေးတယူကိုင်တွယ် ဆောင်ရွက်ရတော့မည် ဖြစ်သောကြောင့် ထိုမှနေ၍ မြန်မာနိုင်ငံအရေးဆောင်ရွက်ရာတွင် ဖြေရှင်းရန် နည်းလမ်းများ ရနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေနှင့် အနှစ်(၂၀) ခံခဲ့ရပြီး နောက်ထပ် ပြည်သူလူထုအား အနှစ်(၂၀) ထပ်မံ မခံစားစေလိုတော့ကြောင်း၊ ထိုကိစ္စအားလည်း ကမ္ဘာမှ သိစေချင်ကြောင်း ဦးဝင်းတင်မှ ဗွီအိုအေသို့ ပြောကြားသွားသည်။ ♦

# အမေရိကန်သမတ အိုဘားမားမှ မြန်မာစစ်အစိုးရအား အရေးယူသည့် ဥပဒေသက်တမ်းတိုး



အမေရိကန်အထက်လွှတ်တော်အမတ် Mitch McConnell

မြန်မာစစ်အစိုးရအား စီးပွားရေးပိတ်ဆို့အရေးယူသည့် ဥပဒေကို ၂၀၀၃ ခုနှစ်မှစတင်ခဲ့ပြီး ဇူလိုင်လ ၂၆ ရက်နေ့တွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သောကြောင့် သုံးနှစ်သက်တမ်း ထပ်မံတိုးမြှင့်ရန် အမေရိကန် အထက်လွှတ်တော်မှ ဇူလိုင်လ ၂၄ ရက်နေ့တွင် အတည်ပြုလိုက်သည်။ ထိုဥပဒေအား သက်တမ်းတိုးမြှင့်ရန်အဆိုကို အမေရိကန် အောက်လွှတ်တော်တွင် ဇူလိုင်လ ၂၁ ရက်နေ့က အတည်ပြုခဲ့ပြီးနောက် အထက်လွှတ်တော်မှ အတည်ပြုရန် လွှတ်တော်အမတ် မစ်ချ်မက်ကောနဲလ်နှင့် ဒင်န်နီယယ်လ် ဖိန်စတင်းန်တို့မှ ဦးဆောင်တင်သွင်းခဲ့ခြင်းဖြစ်သည်။

ထိုသို့မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် လုပ်ဆောင်မှုမရှိခြင်းတို့ကြောင့် အမေရိကန်ပြည်ထောင်စုမှ စီးပွါးရေးဒဏ်ခတ်ပိတ်ဆို့မှုများအတွက် သက်တမ်း (၃) နှစ်ထပ်မံတိုးမြှင့်ဆောင်ရွက်ရေးအား လွှတ်တော်နှစ်ရပ်မှ ဇူလိုင်လ ၂၄ ရက်နေ့က အတည်ပြုခဲ့ပြီးနောက် သမတထံ တင်သွင်းထားခဲ့ရာ ဇူလိုင်လ ၂၈ ရက်နေ့တွင် အမေရိကန်သမတ Barack Obama ဘာရက်ခ်အိုဘားမားမှ လက်မှတ်ရေးထိုး အတည်ပြုလိုက်သည်။

မြန်မာနိုင်ငံလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရရှိရေး အက်ဥပဒေအရ မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် အခြားကုန်ပစ္စည်းများကို အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းခွင့် ပိတ်ပင်ထားခြင်းဖြစ်ပြီး၊ မြန်မာ့ဒီမိုကရေစီ အင်အားစုများအား ထောက်ခံကူညီရေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တရားဝင်ပြည်သူ့ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုရေးအပါအဝင် အခြားလုပ်ပိုင်ခွင့်များလည်းပြဌာန်းထားကြောင်း သိရသည်။

အထက်လွှတ်တော်အမတ်မှ ဇူလိုင်လ ၂၄ ရက်နေ့က ကြေညာချက်ထုတ်ပြန်ရာတွင် ဒဏ်ခတ်ပိတ်ဆို့မှု မည်သို့ ထိရောက်သည်ကို အချို့မှ စောဒကတက်ကြသော်လည်း ယခုဆုံးဖြတ်ချက်အား ကြည့်မည်ဆိုလျှင် ထိုပိတ်ဆို့မှု မူဝါဒအား ပြောင်းလဲရန်မလိုသေးဟု မိမိတို့အမေရိကန်လွှတ်တော်မှ ယူဆကြောင်းကို ထင်ရှားစွာ ပြသလိုက်ခြင်းဖြစ်ကြောင်း၊ မြန်မာစစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်အပေါ် အကောက်ဉာဏ်ဆင် တရားစွဲဆိုထားသည်ကိုကြည့်လျှင် မြန်မာစစ်အစိုးရအပေါ် ဆက်လက် ဒဏ်ခတ်အရေးယူရန် လိုအပ်နေသေးသည်ကို တွေ့နေရကြောင်း ထိုကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ယခုလို အရေးမယူခဲ့လျှင် ဒေါ်အောင်ဆန်းစုကြည်အား ထောင်ချရန် ကြိုးစားနေသည့် မြန်မာစစ်အစိုးရ၏ လုပ်ရပ်အား ခွင့်ပြုရာရောက်ကြောင်း၊ ထို့ပြင် ပြီးခဲ့သည့်အနှစ် (၂၀)အတွင်း ဒေါ်အောင်ဆန်းစုကြည်အား (၁၃)နှစ်လုံးလုံး အကျဉ်းချထားခြင်းနှင့် နိုင်ငံရေးသမားများအား ဖမ်းဆီးထောင်ချထားသည်များကိုပါ လျစ်လျူရှုထားရာရောက်မည်ဟုလည်း ဖော်ပြပါရှိသည်။

မြန်မာစစ်အစိုးရအနေနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအား အမှန်တကယ် လုပ်ဆောင်မလာသရွေ့ ဒဏ်ခတ်ပိတ်ဆို့မှုများ ဆက်လက်ထားရှိသင့်သည်ဟု မိမိတို့မှယူဆကြောင်း Mitch McConnell မှ ပြောသည်။

ထို့ပြင် မြောက်ကိုရီးယားနှင့် မြန်မာစစ်အစိုးရကြား နျူကလီးယား ဆက်နွယ်မှုသတင်းများလည်း ထွက်ပေါ်နေသည့်အတွက် မြန်မာစစ်အစိုးရအပေါ် မိမိတို့၏သဘောထားအား လူသားချင်းစာနာထောက်ထားသည့် ရှုထောင့်မှမက အမျိုးသားလုံခြုံရေးရှုထောင့်မှပါ ထည့်သွင်းစဉ်းစားနေရပြီဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုကဲ့သို့ဥပဒေသက်တမ်း တိုးမြှင့်ရန် အမေရိကန်အထက်လွှတ်တော်မှ အတည်ပြုလိုက်ခြင်းအား AAFA အမေရိကန်နိုင်ငံ ဖိနပ်နှင့်အဝတ်အထည် ထုတ်လုပ်သူများအသင်းမှ ကြိုဆိုလိုက်ကြောင်း၊ AAFA သည် မြန်မာနိုင်ငံမှ အမေရိကန်သို့တင်ပို့သည့် ကုန်ပစ္စည်းများအားလုံးအား ပိတ်ပင်ရန် ၂၀၀၃ ခုနှစ်တွင် ပထမဆုံးတောင်းဆိုခဲ့သည့် စီးပွားရေးလုပ်ငန်းအဖွဲ့ဖြစ်သည်ဟု အာရ်အက်ဖ်အေသတင်းအရ သိရှိရသည်။ ♦





### ဘန်ကီမွန်း မိန့်ခွန်းမှ ...

များ ဝင်လိုက်ထွက်လိုက်နဲ့ ဖြစ်နေပေမင့် လူသားဂုဏ်ရည်ကတော့ ဆက်လက်တည်ရှိနေမှာပါ”တဲ့။

ဒါကြောင့် ကျနော် ပြန်လာခဲ့တာ ဖြစ်ပါတယ်။

အထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ သူတို့ရဲ့ တရားဝင် ဆန္ဒပြင်းပြမှုများ ရရှိစေနိုင်ရန်အတွက် ဒီနိုင်ငံပြည်သူများအား ကူညီနိုင်ရေးကို အရေးအကြီးဆုံးအဖြစ် ကျနော် ဦးထိပ်ပန်ဆင် သယ်ဆောင်လာပါတယ်။ ကုလသမဂ္ဂဟာ လူအများရဲ့ အခွင့်အရေးများ၊ ချမ်းသာသုခများ၊ ဂုဏ်အရှိန်အဝါများအတွက် ဆောင်ရွက်ပေးနေပါတယ်။ ဒါဟာ စိတ်ကြိုက်ရွေးချယ် လုပ်ပေးနေခြင်းမဟုတ်ပါ။ ဒါဟာ ကျနော်တို့ရဲ့ တာဝန်ပိုင်းပါ။

ကုလသမဂ္ဂရဲ့ ပြတ်သားပြီးတာဝန်ခွဲဝေကာ ပြဋ္ဌာန်းနှစ်မြှုပ် ဆောင်ရွက်ခြင်းကို မြန်မာပြည်သူများအား ပြသရန် ကျနော် လာရောက်တာဖြစ်ပါတယ်။ ဒီနေ့ ဒီနေရာမှာ ကျနော် ပြောပါရစေ။ မြန်မာ – သင်သည် အထီးကျန် မဟုတ်ပါ။

စည်းလုံးညီညွတ်တဲ့၊ ငြိမ်းချမ်းတဲ့၊ ပေါကြွယ်ဝတဲ့ ခေတ်သစ်ဒီမိုကရေစီ မြန်မာနိုင်ငံအတွက် သင်တို့နဲ့အတူ အလုပ်လုပ်ရန် ကျနော်တို့ လိုလားပါတယ်။

ဆင်းရဲတွင်းမှ ရုန်းထနိုင်ရန် သင်တို့ကို ကျနော်တို့ ကူညီလိုပါတယ်။

နိုင်ငံတကာ အသိုင်းအဝန်းရဲ့ လေးစားခံရတဲ့ တာဝန်သိတဲ့ အဖွဲ့ဝင် နေရာကို သင်တို့နိုင်ငံရယူနိုင်ရန်အတွက် သင်တို့နဲ့အတူ ကျနော်တို့ လုပ်ဆောင်လိုပါတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ ရေရှည်ခံ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကျနော် သင်တို့ကို ကူညီလိုပါတယ်။

ဒါပေမင့် ကျနော် အလေးအနက်ပြု ပြောပါရစေ – ဒီမိုကရေစီနဲ့လူ့အခွင့်အရေး လေးစားလိုက်နာမှုမရှိလျှင် ငြိမ်းချမ်းရေးသော်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုသော်လည်းကောင်း ရှင်သန်မှာ မဟုတ်ပါဘူး။

မြန်မာနိုင်ငံဟာ ခြွင်းချက် မဟုတ်ပါ။

ဂုဏ်သရေရှိ လူကြီးမင်းများ ခင်ဗျား။

စိန်ခေါ်မှုတွေက အများကြီးပါ။ ဒါပေမင့် ကျော်လွှားလို့ မရနိုင်တာတော့ မဟုတ်ပါ။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းတဲ့၊ ဒီမိုကရေစီစနစ်ရှိတဲ့ သာယာဝပြော ပေါကြွယ်ဝတဲ့ အနာဂတ်ကို ကာကွယ်ထိန်းသိမ်းရမယ့်ကိစ္စဟာ ရှုပ်ထွေးတဲ့ လုပ်ငန်းစဉ်ဖြစ်ကြောင်း အတွေ့အကြုံများအရ ကျနော်တို့ သိရှိရပါတယ်။

မြန်မာနိုင်ငံအတွက် မည်သည့်စိန်ခေါ်မှုကိုမဆို မြန်မာနိုင်ငံချည်း သက်သက် မဖြေရှင်းနိုင်ပါ။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့အခွင့်အရေးဟာ အပြန်အလှန် နွယ်ယှက် ဆက်စပ်နေပါတယ်။

ဒီအချက်တွေကို တူညီတဲ့ အာရုံစိုက် အလေးထားမှုမရှိဘဲ ပြောဆိုဆောင်ရွက်ခြင်းဟာ ဒီမိုကရေစီရေး၊ တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးတို့ရဲ့ အလားအလာကောင်းခြင်းကို မှေးမှိန်သေးသိမ်စေပါတယ်။

ဒါပေမင့် တွေ့ဆုံဆွေးနွေးရေးနဲ့ ပြန်လည်သင့်မြတ်ရေးအတွက် စစ်မှန်တဲ့ ဆန္ဒရှိမယ်ဆိုရင် အခက်အခဲအားလုံးကို ကျော်လွှားအောင်မြင်မှာပါ။

အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ လူ့အခွင့်အရေးကို အပြည့်အဝ အလေးထားရေးအတွက် စောင့်ဆိုင်းဘို့ မြန်မာဟာ အချိန်ဘယ်လောက်ကြာကြာ ကြိုးပမ်းနိုင်မှာလဲဆိုတာဟာ ယနေ့ မေးခွန်းဖြစ်ပါတယ်။

ကျနော် ရှင်းလင်း ပြောပြပါရစေ။ အမျိုးသားရေးအတွက် မြန်မာနိုင်ငံသားအားလုံး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ အပစ်အခတ်ရပ်စဲရေး လေ့လာနေတဲ့ လက်နက်ကိုင်အုပ်စုများနဲ့ ယမန်နေ့က တွေ့ခဲ့စဉ်မှာ ကျနော်ပြောခဲ့တာပါ။ ဒီမိုကရေစီလုပ်ငန်းစဉ်နဲ့ ငြိမ်းချမ်းရေးအတွက် သူတို့ရဲ့ ပြဋ္ဌာန်းကြိုးပမ်းမှုကို ဂုဏ်ပြုရန်အတွက် သီးခြားစီ ကျနော် ပြောကြားအားပေးခဲ့တာပါ။

သို့သော် မြန်မာနိုင်ငံကို မျှော်မှန်းထားတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီ ရည်မှန်းချက် ပန်းတိုင်များကိုရောက်ရှိရန် အဓိကတာဝန်မှာ နိုင်ငံ့အစိုးရပေါ် ကျရောက်လျက် ရှိနေပါတယ်။

ဒီတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်လျှင် မြန်မာနိုင်ငံသားများအား သူတို့ရဲ့ စွမ်းရည်အပြည့်အဝကို နားလည်သဘောပေါက်ခြင်းမှ ဟန့်တားထားရာ ရောက်ပါလိမ့်မယ်။

ဒီတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်လျှင် မြန်မာနိုင်ငံသားများရဲ့ ဂုဏ်သရေရှိစွာ နေထိုင်နိုင်ခွင့်နဲ့ ပိုမိုလွတ်လပ်မှုဖြင့် သာလွန်ကောင်းမွန်တဲ့ လူမှုအဆင့်အတန်းများ ခံစားခွင့်ကို ငြင်းပယ်ရာ ရောက်ပါလိမ့်မယ်။

ဒီအခြေခံစည်းမျဉ်းများဟာ ကျွန်ုပ်တို့သည် ပြည်သူများဖြစ်ကြသည် ဆိုတဲ့စကားများဖြင့် အဖွင့်နိဒါန်းချီထားတဲ့ ကုလသမဂ္ဂ ပဋိဉာဉ်စာတမ်းရဲ့ ကျောရိုးအတွင်းမှာ တည်ရှိနေပါတယ်။

ဒီမွန်မြတ်တဲ့စကားများကို လွတ်လပ်တဲ့ မြန်မာနိုင်ငံရဲ့ စတင်ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကလဲ ပဲ့တင်ထပ်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်မှာ ဒီ စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ဘို့ သေချာစေရေးအတွက်လဲ ကျနော်တို့ အတူတကွ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

ဒီအချက်ကို ကျွန်တော် စိတ်ထဲမှာ ထည့်ထားပြီး အမှာစကား ၃ ခုကို သယ်ဆောင်ခဲ့ပါတယ်။

ပထမဦးစွာအနေနဲ့ ဘယ်ဒေသမှာမဆို လူသားဂုဏ်ရည်ကို အလေးထားလေးစားခြင်းဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ပထမစတင်လက်ခံခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှာ တနိုင်ငံ အပါအဝင် ဖြစ်ခဲ့ပါတယ်။

နိုင်ငံရေး၊ စီးပွါးရေးနဲ့ လူမှုရေး တိုးတက်မှုများအတွက် လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်မှုများအား လေးစားဘို့ အများဆုံးဖြတ်ချက်ဆန္ဒကို မြန်မာနိုင်ငံက စောစီးစွာ ထောက်ခံခဲ့ပါတယ်။

ကံမကောင်း အကြောင်းမလှစွာဘဲ ဒီပြဋ္ဌာန်းကြိုးပမ်းမှုဟာ အမှန်တကယ်မှာ အံဝင်ခွင်ကျမှု မရှိခဲ့ပါ။ မြန်မာ့လူ့အခွင့်အရေးမှတ်တမ်းဟာ အလွန်အမင်း စိုးရိမ်သောကဖြစ်စရာ အကြောင်းအရာအနေနဲ့ တည်ရှိနေလျက်ပါ။

မြန်မာအစိုးရဟာ သူ့ရဲ့ ရည်မှန်းချက်များဖြစ်တဲ့ တည်ငြိမ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေးတို့ကို ပြောဆိုနေပါတယ်။

အနှစ် ၂၀ အတွင်း ပထမဆုံးအနေနဲ့ ကျင်းပမှာဖြစ်တဲ့ လာမယ့် ရွေးကောက်ပွဲဟာ ဂုဏ်ထယ်တင့်တယ်စေလိုလျှင် အားလုံးပါဝင်ပြီး အမြင်ကြည်လင်မှုရှိရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရှေ့ဆက်မယ့်ခရီးမှာ လူ့အခွင့်အရေးကို လေးစားလိုက်နာမှု အမြစ်တွယ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံး လွှတ်ပေးရမယ်လို့ ကျနော် ပြောခဲ့တာပါ။

ဗိုလ်ချုပ်ကြီးသန်းရွှေနဲ့ မနေ့ကနဲ့ ဒီနေ့တွေ့ရတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ကိုတွေ့ဘို့ တောင်းဆိုခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အားတွေ့ဆုံခွင့်ပေးလိုက်ခြင်းဟာ ၂၀၁၀ ရွေးကောက်ပွဲကို အများယုံကြည်လက်ခံနိုင်မှုရှိစေရေးအတွက် အရေးကြီးတဲ့ အဓိပ္ပာယ်ရှိသော ဆောင်ရွက်မှုကို စတင်လုပ်ဆောင်ရန် အစိုးရကဆန္ဒရှိကြောင်းကို ဖော်ပြတဲ့ အရေးကြီးတဲ့ ပြယုဂ်ဖြစ်ပါလိမ့်မယ်။

ဒီနိုင်ငံရဲ့ အနာဂတ်အတွက် ပြည့်ဝတဲ့ ပါဝင်ဆောင်ရွက်နိုင်ခွင့်အား မြန်မာနိုင်ငံသားအားလုံးကို အမှန်တကယ် ပေးရမှာဖြစ်ပါတယ်။

ပါဝင်ဆောင်ရွက်လိုသူများအားလုံး လွတ်လပ်တက်ကြွစွာ ပါဝင်မှုမရှိလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ မပြည့်စုံနိုင်ပါ။

သက်ဆိုင်တဲ့ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားအုပ်စုများနဲ့ လူနည်းစုများ အားလုံး ပါဝင်တဲ့ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံဟာ စတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပြည်သူအများဟာ နိုင်ငံရေးဆွေးနွေးမှုမှာ လွတ်လပ်စွာ အခြေအတင်ပြောနိုင်ရမယ်၊ လွတ်လပ်စွာ ပါဝင်နိုင်ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီလုပ်ငန်းစဉ်မှာ အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမယ့် သတင်းအချက်အလက်များကို လွတ်လပ်စွာ သိရှိရယူနိုင်ရမှာ ဖြစ်ပါတယ်။

ဂုဏ်သရေရှိ လူကြီးမင်းများ ခင်ဗျား။

အသွင်ကူးပြောင်းမှုတိုင်းဟာ ခက်ခဲလှပါတယ်။ မြန်မာနိုင်ငံဟာ သက်ဦးဆံပိုင်စနစ်ကနေ ကိုလိုနီစနစ်၊ အခုတခါ လွတ်လပ်တဲ့နိုင်ငံအဖြစ် အသွင်ကူးပြောင်းခဲ့ပါတယ်။

သမိုင်းဟာ လတ်တလောမှာ နာကျင်ဘွယ်ဖြစ်ရပ်များ အပါအဝင် အမွေနှစ်မွှာပူးကို သန္ဓေဆောင်ခဲ့ပါတယ်။

လက်နက်ကိုင် ပဋိပက္ခနဲ့ နိုင်ငံရေး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွေပါ။

အချုပ်အခြာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ အမျိုးသားညီညွတ်ရေးတို့ဟာ နိုင်ငံတိုင်းရဲ့ တရားဝင် စိုးရိမ်သောကများ ဖြစ်ပါတယ်။

နိုင်ငံရေးဝန်းကျင်ကို ဖွင့်ပေးခြင်းနဲ့ ချဲ့ထွင်ခြင်းဟာ ပိုမိုကြီးမားတဲ့ စုပေါင်းဆောင်ရွက်ခြင်းရဲ့ အစိတ်အပိုင်းအဖြစ် အုပ်စုတစုချင်းနဲ့ လူတဦးချင်း ပါဝင်နိုင်မှုအတွက် အာမခံရန် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ကျနော်တို့ ရဲရဲကြီး ပြောနိုင်ပါတယ်။

စစ်တပ်၊ နိုင်ငံရေးအဖွဲ့အစည်းအားလုံး၊ တိုင်းရင်းသားလူနည်းစုများ၊ အများပြည်သူနဲ့ သက်ဆိုင်သော အဖွဲ့အစည်းများနဲ့ မြန်မာနိုင်ငံရဲ့ သားသမီးတိုင်း အမှန်တကယ်ကို နိုင်ငံရဲ့ အသွင်ကူးပြောင်းရေးမှာ ပါဝင်ကြရမှာ။

အပြန်အလှန် အပေးအယူလုပ်ညှိနှိုင်းခြင်း၊ လေးစားခြင်းနဲ့ နားလည်မှုတို့သာလျှင် ကြာရှည်တည်တံ့မယ့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေးတို့အတွက် အခြေခံ အုတ်မြစ် ချပေးနိုင်မှာ ဖြစ်ပါတယ်။

ကျနော်ရဲ့ ဒုတိယ အမှာစကားကတော့ မြန်မာနိုင်ငံသားများရဲ့ လူသားချင်းစာနာတဲ့ လိုအပ်ချက်များကို ဖော်ပြလိုပါတယ်။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသမှာ ဖြစ်ထွန်းခဲ့တဲ့ တိုးတက်မှုများကို ကြည့်မြင်နိုင်ရန် ပြန်လည်ရောက်ရှိလာနိုင်စွမ်းအတွက် ကျနော် ဝမ်းသာလှပါတယ်။

အလိုချင်ဆုံးကတော့ နာဂစ် မုန်တိုင်းဒဏ်ကို တုံ့ပြန်ခြင်းဟာ သီးခြား ခွဲခြားထားခြင်းအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းရဲ့တန်ဖိုးကို သက်သေပြနိုင်တာပဲ။

အလှူရှင်အသိုင်းအဝန်းရဲ့ ကူညီပံ့ပိုးမှုဖြင့် သုံးပွင့်ဆိုင် ကျောရိုးအုပ်စုအဖြစ် မြန်မာ၊ ကုလသမဂ္ဂနဲ့ အာဆီယံတို့အတွင်း မကြုံစဖူး ပူးပေါင်းဆောင်ရွက်ခြင်းဟာ လူသားချင်းစာနာမှု အရေးပါခြင်းနဲ့ အချုပ်အခြာအာဏာပိုင်မှုရဲ့ စည်းမျဉ်းစည်းကမ်းတို့ဟာ ပဋိပက္ခ မဖြစ်ကြဘူးဆိုတာ သက်သေပြသွားပါတယ်။

မြန်မာနိုင်ငံနဲ့ မည်သည့်နေရာတွင်မဆို လူသားချင်းစာနာမှု အကူအညီဟာ နိုင်ငံရေးအတွက် တုံ့ပြန်ရမယ့် ဓားစာခံ မဖြစ်သင့်ပါဘူး။ မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုနဲ့ တိုးတက်မှု အထောက်အကူများ လိုအပ်နေသူအားလုံး ရရှိနိုင်ရေး အာမခံချက်ရှိအောင် ကျနော်တို့ အတူတကွဆောင်ရွက်နိုင်ရမယ်၊ လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။

အခုဟာကတော့ ကျနော်ရဲ့ တတိယ အမှာစကားဖြစ်ပါတယ်။

အခုအချိန်ဟာ မြန်မာနိုင်ငံအနေနဲ့ သူ့ရဲ့ စီးပွါးရေးစွမ်းအင် အလားအလာကောင်းများကို ထုတ်ဖော်ဘို့ အချိန်ဖြစ်ပါတယ်။

အာရှစီးပွါးရေးအံ့ဘွယ် အလယ်မှာ မြန်မာနိုင်ငံဟာ ရပ်တည်နေပါတယ်။ နိုင်ငံတဝှန်းမှာ လျင်မြန်တဲ့ တိုးတက်မှုများအတွက် မြန်မာကို ကကြိုးဆင်စေခြင်းဟာ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အသေချာဆုံးနည်းလမ်း ဖြစ်ပါတယ်။

မြန်မာအစိုးရရဲ့ ကုန်သွယ်မှုအတွက် ပြင်ပကို လမ်းဖွင့်ပေးခြင်းဝါဒ၊ ထောင်စုဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ရရှိအောင်ကြိုးပမ်းမှု၊ အိတ်ချ်အိုင်ဗီ ဝေဒနာ ထိန်းချုပ်မှု၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနဲ့ ဘိန်းထုတ်လုပ်မှု အဆုံးသတ်ရေးတို့ကို ကျနော် ကြိုဆိုပါတယ်။

ဒါပေမင့် အမှန်လက်တွေ့မှာတော့ ပြည်သူသန်းပေါင်းများစွာဟာ ဆက်လက်ဆင်းရဲနေဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူနေမှု အဆင့်အတန်းဟာ အာရှရဲ့ အနိမ့်ဆုံးထဲမှာ ပါဝင်နေတုန်းပါ။

ဒီမြန်မာပြည်သူများဟာ အလုပ်များ လိုအပ်နေပါတယ်။ စားနပ်ရိက္ခာဖူလုံမှုတွေ လိုအပ်နေပါတယ်။ ကျန်းမာရေး စောင့်ရှောက်ခံယူနိုင်မှုတွေ လိုအပ်နေပါတယ်။

ဒေသဆိုင်ရာနဲ့ တကမ္ဘာလုံးဆိုင်ရာ စီးပွါးရေးမှ အကျိုးအမြတ် ရနိုင်အောင်နဲ့ ပါဝင်ပံ့ပိုးပေးနိုင်ရေးအတွက် မြန်မာပြည်သူများကို အာမခံရဘို့ ကျနော်တို့ လုပ်ပေးရမှာ ဖြစ်ပါတယ်။

တည်ငြိမ်ပြီး သာယာဝပြောပေါကြွယ်တဲ့ ဒီမိုကရေစီမြန်မာနိုင်ငံမှ ဒေသနဲ့ ကမ္ဘာက အကျိုးအမြတ်တွေ ပိုမို ရရှိလာမှာကို ကျနော်တို့ အသိအမှတ် ပြုရမှာ ဖြစ်ပါတယ်။ အဲဒီရည်မှန်းချက် အတွက် ကျနော်တို့ ဆောင်ရွက်ပေးရပါမယ်။

မြန်မာအစိုးရကလဲ ဒီအချိန်အခါကို အမိအရ ရယူရမှာ ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းက မြန်မာနိုင်ငံပြည်သူများကို လက်ကမ်းရန် ပြင်ဆင်နေသည့် အခွင့်အလမ်းများရဲ့ အကျိုးသက်ရောက်မှုကို မြန်မာအစိုးရက ရယူရမှာ ဖြစ်ပါတယ်။

ဂုဏ်သရေရှိ လူကြီးမင်းများ ခင်ဗျား။

ကျနော် ဒီကို မိတ်ဆွေတဦးအဖြစ် ရောက်လာခဲ့တာပါ။

ကျနော့်တာဝန်က ကုလသမဂ္ဂ ပဋိဉာဉ်ရဲ့ အကောင်းဆုံးစံများနဲ့ စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းဘို့ပဲ ဖြစ်ပါတယ်။

ကျနော့်အခန်းကဏ္ဍကတော့ သင်တို့ အားလုံး – အစိုးရ၊ နိုင်ငံရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသားအုပ်စုများ၊ လူမှုအဖွဲ့အစည်းများကို ပြည်သူတရပ်အနေနဲ့ နိုင်ငံတခုအနေနဲ့ အတူတကွ ရှေ့ဆက်ရွေ့လျားဘို့ အားပေးရန် ဖြစ်ပါတယ်။

**စာမျက်နှာ (၅) ကော်လံ (၅) သို့ ..**

# မြွေဆိပ်တက်နေပြီ ဘာလုပ်ကြမလဲ

ဇီဝဂိုး



လူတွေဟာ အသက်ကလေး နည်းနည်းရလာတော့ လောကဓံ အဆိုးအကောင်း ကြုံရလွန်းလာလို့လားမသိ၊ ဘာသာရေးဘက်ကို အနည်းနဲ့အများ လှည့်လာကြပါတယ်။ လူထဲကလူ တစ်ယောက်ဖြစ်တဲ့ ကျနော်ဟာလည်း သည်ဓမ္မတာသဘောတရားကို မလွန်ဆန်နိုင်ပါ။ ဒါကြောင့် နာမည်ကြီးဆရာတော် ဘုရားများရဲ့ တိတ်ခွေများကို နံနက်တိုင်း လိုလို ဖွင့်ပြီး တတ်နိုင်သလောက် နှလုံးသွင်းမိပါတယ်။ အချိန်ရရင် ရသလောက်ပေါ့။

မနေ့ကတော့ သဲကုန်းဆရာတော် အရှင်ဉာဏိသရရဲ့ တိတ်ခွေတစ်ခွေကိုဖွင့်ပြီး နာမိပါတယ်။ တရားနာတယ်ဆိုပေမယ့် စာရေးနေရင်း တိတ်ခွေကို ဖွင့်ထားတာပါ။ အာရုံက ရောက်တစ်ချက်မရောက်တစ်ချက်ပေါ့လေ။ သည်တိတ်ခွေမှာ ဆရာတော်က မဟာကန္ဒဇာတ်တော်လာ နိပါတ်တစ်ခုကို ကိုးကားပြီးတော့ ဟောပါတော့တယ်။ အစပိုင်းကတော့ ကျနော်လည်း သိပ်စိတ်မဝင်စားပါ၊ နောက်တော့ နာရင်းနာရင်းနဲ့ တရားထဲက ပုံဝတ္ထုထဲ အာရုံပြောင်းရောက်သွားပြီး ရေးလက်စစာကို ဆက်မရေးချင်တော့ပါ။

ဆရာတော်ဟောသွားတဲ့ ပုံပြင်လေးက သည်လိုပါ–

ဟိုတုန်းက ရွာလေးတရွာက လင်မယားနှစ်ဦးဟာ သူတို့ သားလေးကို ပါခေါ်ပြီး သူတို့ ကျောင်းဆောက် ကိုးကွယ်ထားတဲ့ကျောင်းကို ဉပုသ်သီလယူဘို့သွားကြပါသတဲ့။ လင်မယား နှစ်ယောက် ကျောင်းပေါ်မှာ ရသေ့ဆီက သီလယူနေတုန်း ကျောင်းအောက်မှာ ဂုံညင်းဒိုးနဲ့ ဆော့ကစားနေတဲ့ ကလေးဟာ သူ့ဂုံညင်းဒိုးဝင်သွားတဲ့ ကျင်းပေါက်ထဲ လက်နှိုက်မိလို့မြွေကိုက်ခံရပြီး ကျောင်းအောက်မှာ လဲနေတော့တာပေါ့။

သားလေးမြွေဆိပ်တက်ပြီး မေ့မြောနေတာမြင်တော့ လင်မယားနှစ်ယောက်လုံးက ရသေ့ကြီးကို ဆေးကုပေးဘို့ တောင်းပန်ကြသတဲ့။ ရသေ့ကြီးက ငါ့မှာလဲ ဘာဆေးမှမရှိဘူး၊ ဒါပေမဲ့ မုသာဝါဒကိုရှောင်ပြီး အမှန်ကိုပြောတဲ့ ဝစီသစ္စာကိုဆိုရင် ဒီသစ္စာဟာ အင်မတန်ကို အာနိသင်ထက်မြက်တယ်၊ ခံစားနေရတဲ့ ဝေဒနာတွေ ပျောက်ကင်းးနိုင်တယ်လို့ ရှေးသူတော်ကောင်းများ ပြောတာကြားဘူးတယ်။ ဒါကြောင့် ငါတို့သုံးဦးစလုံး မှန်တဲ့သစ္စာဆိုမယ်၊ မင်းတို့လဲ မှန်တာဟုတ်တာကိုပဲ သစ္စာဆိုကြလို့ပြောပြီး သူကစပြီး သစ္စာဆိုသတဲ့။

ငါဟာ ရသေ့ဘဝရောက်လို့ ပထမ ခုနှစ်ရက်မှာပဲ ပျော်ပါတယ်။ နောက်ပိုင်းမှာ လုံးဝမပျော်ပိုက်ပါ။ အချိန်နဲ့အမျှ လူထွက်ချင်စိတ်ပေါ်နေတယ်။ ဒါဟာ အမှန်ဖြစ်ပါက ငါ့ဒကာကြီးရဲ့ သားလေး မြွေဆိပ်ပျယ်ပါစေသားလို့ သစ္စာပြုလိုက်တော့ ငယ်ထိပ်အထိ တက်နေတဲ့ မြွေဆိပ်ဟာ ရင်ညွန့်အထိ လျော့ကျသွားသတဲ့။ ကလေးဟာ ခေါင်းလေးဘာလေးရမ်း၊ အသံလေး ဘာလေး ထွက်လာတာပေါ့လေ။

ဒါနဲ့ဒကာကြီးကလည်း အားတက်သွားပြီး ငါဟာ သည်ရသေ့ကို ကျောင်းဆောက်ပြီး ပထမ (၇) ရက်သာ ကြည်ညိုတယ်၊ နောက်ပိုင်းမှာ လုံးဝ မကြည်ညိုတော့ပါ။ ဒါဟာ အမှန်ဖြစ်ပါက ငါ့သားလေးမြွေဆိပ်ပြေစေသားလို့ သစ္စာပြုပြန်တော့ ကလေးရဲ့မြွေဆိပ်က ရင်ညွန့်ကနေ ချက်အထိ လျော့ကျသွားတယ်တဲ့။

ကလေးအခြေအနေကောင်းလာတာ မြင်တဲ့ ဒကာမကြီးကလည်း ဒါဖြင့် ငါလည်း မှန်တာဘဲပြောမှဖြစ်မယ်ဆိုပြီး ကျမဟာ ကျောင်းဒကာကြီးကို မိဘပေးစားလို့သာ ယူလိုက်ရတယ်။ ကျမသားလေးကို ကိုက်တဲ့ မြွေဟောက်ကြီးလို စက်ဆုပ်ရွံရှာပါတယ်။ ဒါဟာ မှန်သောသစ္စာဖြစ်ပါက ကျမသားလေး မြွေဆိပ်ပြေပါစေလို့ ဆိုသတဲ့၊ ဒကာမကြီး စကားဆုံးတာနဲ့ သားလေးက ထထိုင်တယ်လို့ ဆိုပါတယ်။

တရားလဲဆုံးရော ကျနော့ အတွေးတွေက စတော့တာပါဘဲ။ (အဓိက ကျနော်ပြောချင်တာက ခုမှပါ)။ ရသေ့ကြီး၊ ဒကာကြီးနှင့် ဒကာမကြီးတို့ဟာ လူနာကို ခွဲကုခဲ့ရတဲ့ ဆေးဆရာဝန်များအဖွဲ့လိုပါဘဲ။ ရသေ့ကြီးကတော့ အထူးကုဆရာဝန်ကြီးပေါ့လေ။ ဆေးကုဖို့နည်းနာကို သူဘဲ ဦးဆောင်ရတာကိုး။ ကျနော်တွေးမိတာက သူတို့ဟာ သူတော်ကောင်းတွေ မဟုတ်သလို သူယုတ်မာတွေလည်း မဟုတ်ပါ။ အံ့ဩရတာက ကလေးအသက် ချမ်းသာရရှိရေး ဦးတည်ချက်မှာ အားလုံး တူနေကြပြီး မှန်ကန်တဲ့သစ္စာစကားကို ဆိုကြခြင်းပါ။ သည်လို မှန်ကန်တဲ့ သစ္စာဆိုလို့ ကလေးအသက်ချမ်းသာရတာတော့ မှန်ပါတယ်။ အခု အပြောနဲ့ပြောရရင် နောက်ဆက်တွဲအဖြစ် လင်မယားကွဲသွားတာတို့ ရသေ့ကြီးကလည်း ဒကာကြီးကိုစိတ်ဆိုးပြီး ကျောင်းကို စွန့်သွားတာတို့ ဖြစ်တယ်မဖြစ်ဘူး ဆရာတော်က ဟောမသွားပါဘူး။ ကလေးအသက်ချမ်းသာရရေးအတွက် သူတို့ သုံးဦးက စွန့်လွှတ်မှုတွေ လုပ်ရတယ်ဆိုရင် မမှားဘူးထင်ပါတယ်။ သူတို့ သည်လို သစ္စာဆိုလို့ ကလေး အသက်ချမ်းသာရပေမယ့် သူတို့ တဦးချင်းစီရဲ့ ဘဝတွေပျက်သွားနိုင်ပါတယ်။ ဒါတွေကို သူတို့ မသိပဲ ကလေးရဲ့အသက်ကို ကယ်လိုက်တာလို့ ကျနော် မထင်ပါ။ သူတို့ရဲ့စိတ်ထဲမှာ ကလေး မြွေဆိပ်ပျယ်ဖို့က အဓိက၊ ကျန်တာတွေ သာမညလို့ယူဆတဲ့ အတွေးမျိုး ဝင်နေလို့သာ ဖြစ်မှာပါ။ သည်လို အတွေးအခေါ်မျိုး ဝင်လာစေဖို့ စေ့ဆော်စေတဲ့ အကြောင်းတရားက ဘာလဲ။ ကလေး မြွေဆိပ်ပြယ်စေချင်တဲ့ မေတ္တာတရားပါ။

ကျနော်လည်း ကိုယ့်ကိုယ်ကို မေးမိပါတယ်။ ကျနော်ဟာ ကျနော့် ကလေးရဲ့မြွေဆိပ်ကို ပျယ်စေချင်သူ တကယ်ဖြစ်ပါမလားလို့ ကျနော် သိပ်မသေချာပါ။ နောက်တစ်နည်း ဖြန့်ကြက် တွေးမိပါတယ်။ တကယ်လို့ သူတို့သုံးဦးစလုံးက မှန်ကန်တဲ့သစ္စာမဆိုဘူးပေါ့။ ဥပမာ ရသေ့ကြီးကလဲ ရသေ့ဘဝမှာ အင်မတန် ပျော်ပါတယ်။ ဒကာကြီးကလည်း ရသေ့ကြီးကို အင်မတန်ကြည်ညိုပါတယ်။ ဒကာမကြီးကလည်း ဒကာကြီးကို အင်မတန် ချစ်ခင်စုံမက်ပါတယ်ပေါ့။ စဉ်းစားကြည့်ပါ။ လင်မယားကွဲတာ၊ ကျောင်းသခ်န်းက ရသေ့ကြီးထွက်ပြေးတာတွေ မဖြစ်ပေမဲ့ ကလေးကတော့သေမှာပါပဲ။ (ဖြစ်ချင်မှလည်းဖြစ်မှာပါ၊ ဖြစ်လာနိုင်တာကို ပြောတာပါ။)

နောက်တချက်က ဗုဒ္ဓရှင်တော်မြတ်ရဲ့ တရားတော်တွေဟာ သစ္စာတရားအပေါ် အခြေတည်ပါတယ်။ အနှစ်သဘောအရ လူတို့ကျင့်ကြံလိုက်နာအပ်တာတွေကို သင်ပြပေးတာပါလားလို့ တွေးမိပြီး တိုးလို့ ကြည်ညိုရပါတယ်။ ဤ မဟာကန္ဒဇာတ်မှာလည်း အချင်းချင်းမှန်ကန်စွာ ပြောဆိုရမယ်လို့ တိုက်ရိုက်အနက်ရပေမယ့်၊ အချင်းချင်းမှားတာမှန်တာကို အပြုသဘောဆောင်ပြရမယ်၊ တည့်မတ်ပေးရမယ်လို့ သွယ်ဝိုက်အနက်ဖွင့်လိုပါတယ်။ အခု စကားနဲ့ဆိုရင်တော့ ကိုယ့်ကိုယ်ကို ဝေဖန်ရေးကို မှန်မှန်ကန်ကန် လုပ်ရမယ်ပေါ့။ အချင်းချင်းမြှောက်ပင့် လိမ်ညာနေရင်တော့ မြွေဆိပ်တက်ပြီး သားဆုံးတဲ့ ကိန်း ရောက်လိမ့်မယ်။ အရေးကြီးဆုံးက မြွေဆိပ်ပြေရေးဘဲ။ ဘာလုပ်ကြမလဲဆိုတာမှာ အားလုံးက ကူညီဘို့လိုပါတယ်။ ကျနော်တို့အားလုံးရဲ့ ကလေးတွေမှာ မြွေဆိပ်တွေပြန့်နေပါပြီ။ အချိန်မီမကုခဲ့သော် မြွေဆိပ်ဟာ သားစဉ်မြေးဆက် အမွေခံရတော့မှာပါ၊ သားစဉ်မြေးဆက် မျိုးရိုးလိုက်တဲ့ ရောဂါ(Ancestral Decease) ဖြစ်တော့မှာပါ။ သည်အချိန်မှာ ကျနော်တို့ အားလုံး ကိုယ့်ကိုယ်ကို မေးကြည့်ဖို့လိုနေတာက၊ မေးယုံတင်မဟုတ်ဘူးလေ၊ ဖြေဖို့ပါလိုနေတယ်လို့ ထင်နေတဲ့မေးခွန်းက မြွေဆိပ်တက်နေပြီ၊ ဘာလုပ်ကြမလဲ?□

♦

**စာမျက်နှာ (၄) မှအဆက် ...**

ကဏ္ဍအားလုံးရဲ့အပေါ်မှာ ပြည်သူ့အကျိုးကို ထားရှိလိုက်တဲ့အခါ မကျော်လွှားနိုင်တာ သို့မဟုတ် မဖြစ်နိုင်တာဆိုတာ မရှိပါဘူး။

ဒေသနဲ့ ကမ္ဘာဟာ လျင်မြန်စွာ ပြောင်းလဲနေပါတယ်။ ပူးပေါင်း ဆောင်ရွက်ခြင်းမှ၊ ပြီးတော့ မိမိကိုယ်တိုင် ပြောင်းလဲမှုကို စတင်လုပ်ခြင်းမှ အကျိုးဖြစ်ထွန်းဘို့ မြန်မာဟာ ရပ်တည်လို့သာ နေပါတယ်။

မြန်မာအစိုးရက ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဟာ နိုင်ငံရဲ့ နိုင်ငံခြားရေးဝါဒရဲ့ အခြေခံအုတ်မြစ် ဖြစ်တယ်လို့ ထပ်ခါတလဲလဲ ပြောလျက်ရှိပါတယ်။

စကားတွေနဲ့ အလုပ်တွေ ကိုက်ညီဘို့အတွက် ကျနော်တို့ တောင်းဆိုပါတယ်။

သူ့ပြည်သူများရဲ့ လိုအပ်ချက်များနဲ့ ပြင်းပြတဲ့ဆန္ဒများကို တုံ့ပြန်ဘို့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနဲ့ ပိုမို ပူးပေါင်း လုပ်ဆောင်လေ နိုင်ငံရဲ့ အချုပ်အခြာ ပိုင်ဆိုင်မှုကို အခိုင်အမာပြုနိုင်လေ ဖြစ်ပါတယ်။

ဒီအတူပါပဲ။ ကျနော်တို့ရဲ့ ဝေမျှခံယူထားတဲ့ ရည်မှန်းချက်များဖြစ်တဲ့ ပြည်သူအားလုံးရဲ့ လူ့အခွင့်အရေးကို အပြည့်အဝ လေးစားခြင်းနဲ့အတူ ညီညွတ်တဲ့၊ ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့၊ ဒီမိုကရေစီနည်းလမ်းကျတဲ့ အနာဂတ်အတွက် မြန်မာနိုင်ငံ လက်လှမ်းမီနိုင်အောင် ကူညီရန် အတူတကွ လုပ်ဆောင်ဘို့ နိုင်ငံတကာ အသိုင်းအဝန်းမှာလဲ တာဝန်ရှိပါတယ်။

ကျေးဇူးတင်ပါတယ်။

(ဇူလိုင်လ ၆ ရက်၊ ၂၀၀၉ ခုနှစ်)

**မဇ္ဈိမဝက်ဆိုဒ်မှ ကူးယူဖော်ပြပါသည်။** ♦

**ဒေါ်စုအားဆုချီးမြှင့်ခြင်းမှ ...**

သာခွင့်အဖွဲ့ Amnesty international (AI) မှ ဇူလိုင်လ ၂၇ ရက်နေ့က ချီးမြှင့်ကြောင်း ကြေညာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(AI)၏ အရှေ့တောင်အာရှဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး Mr. Benjamin Zawacki မစ္စတာ ဗန်ဂျမင်ဇဝါကီးမှ ယခုနှစ်အတွက် လူ့အခွင့်အရေး ယုံကြည်မှုဆိုင်ရာဂုဏ်ထူးဆောင် သံအမတ်ကြီးဆုသည် ဒေါ်အောင်ဆန်းစုကြည်မှ လွဲ၍ မည်သူနှင့်မျှမထိုက်တန်ကြောင်း၊ သူမဟာ လက်ရှိတရားရုံးတွင် အမှုရင်ဆိုင်နေရကြောင်း၊ ထိုအမှု၏ အခြေအနေနှင့် ဆုံးဖြတ်ချက်သည် သူမအတွက်တင်မက၊ မြန်မာနိုင်ငံ အနာဂါတ်အတွက်ပါ အဆုံးအဖြတ်ပေးမည့် လမ်းဆုံလမ်းခွတွင် ရောက်နေသည်ဟု မစ္စတာဇဝါးကီးမှ ပြောကြားသွားသည်။

(AI) အဖွဲ့ကြီး၏ လူ့အခွင့်အရေး ယုံကြည်မှုဆိုင်ရာ သံအမတ်ကြီးဆုကို နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ခဲ့ရာ ယခု (၈)နှစ်မြောက်ဖြစ်ပြီး၊ ယခင်က တောင်အာဖရိက သမတဟောင်း Mr. Nelson Mandela နယ်လ်ဆင်မန်ဒဲလား၊ ချက်သမတဟောင်း Mr. Vaclav Havel ဗားကလဗ်ဟာဘဲလ်နှင့် U2 တေးဂီတအဖွဲ့တို့အား ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ ♦


မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

## မျက်နှာဖုံးသတင်းမှ အဆက်...

ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် ဘက်မှ သက်သေထွက်ဆိုရန် မေလ (၂၆) ရက်နေ့က တင်ထားသော သတင်းစာဆရာကြီး ဦးဝင်းတင်၊ NLD ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် NLDရှမ်းပြည်နယ် စည်းရုံးရေးအဖွဲ့ဝင် ဒေါ်ခင်မိုးမိုးတို့ ၃ ဦးအား အင်းစိန်ထောင်တွင်း အထူးတရားရုံးမှ မေလ(၂၇) ရက်နေ့တွင် ပယ်ချခဲ့ပြီး NLDလပွတ္တာအမတ် ဦးကြည်ဝင်း (၁)ဦးတည်းကိုသာ သက်သေအဖြစ်ထွက်ဆိုရန် ခွင့်ပြုခဲ့သည်။

သက်သေ (၃)ဦးအား တရားရုံးမှ ကျင့်ထုံးပုဒ်မ ၂၅၇ အပိုဒ်ခွဲ (၁) အရ ပယ်ချခြင်းဖြစ်သည်။ ကျင့်ထုံးပုဒ်မ ၂၅၇ အပိုဒ်ခွဲ(၁)မှာ သက်သေတဦးသည် တရားမျှတမှုလမ်းကြောင်းအား လွဲဖယ်စေရန် ဖန်တီးနိုင်ကြောင်း ယုံကြည်မှုအရ ချမှတ်သောပုဒ်မဖြစ်သည်ဟု သိရှိရသည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ဘက်မှ တရားခံပြသက်သေအဖြစ်ထွက်ဆိုခွင့်ပြုခဲ့သော NLDလပွတ္တာအမတ် ဦးကြည်ဝင်းတဦးတည်းသာ သက်သေထွက်ဆိုခွင့်ရခဲ့သည် ။

ထို့ကြောင့် ကျန်သက်သေ ၃ ဦး ဖြစ်သည့် ဦးဝင်းတင်၊ ဦးတင်ဦးနှင့် ဒေါ်ခင်မိုးမိုးအတွက် တိုင်းတရားရုံးသို့ ဆက်လက်လျှောက်ထားရာ တိုင်းတရားရုံးမှ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား ဇွန်လ ( ၉) ရက်နေ့တွင်ပယ်ချခဲ့ပြီး ဒေါ်ခင်မိုးမိုး တဦးတည်းကိုသာ ခွင့်ပြုခဲ့ခြင်း ဖြစ်သည့်အတွက် ဗဟိုတရားရုံးသို့ ဆက်လက် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

အင်းစိန်ထောင်တွင်း တရားရုံး၌ ဒေါ်အောင်ဆန်းစုကြည်၏ အမှုနှင့် ပတ်သက်၍ နောက်ဆုံးအကြိမ် နှစ်ဘက်လျှောက်လဲကြားနာရန် တရားရုံးမှ ဇူလိုင်လ (၂၄) ရက်နေ့သို့ ထပ်မံချိန်းဆိုလိုက်ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေများ အမှုကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန် အင်းစိန်ထောင်တွင်း၌ ဇူလိုင်လ (၁၇) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရရှိခဲ့သည်။

အကျိုးဆောင်ရှေ့နေများ ဖြစ်ကြသည့် ဦးဉာဏ်ဝင်း၊ ဦးကြည်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့သည် အင်းစိန်ထောင်တွင်း အထူးတရားရုံး၌ ဇူလိုင်လ ၂၄ ရက်နေ့တွင် ပြုလုပ်မည့် အပြီးသတ်လျှောက်လဲချက်ကိစ္စနှင့် ပတ်သက်၍ (၂)နာရီကြာ ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုထားချက်များအပေါ် ခုခံချေပရန်အတွက် စာမျက်နှာ ၂၃ မျက်နှာပါရှိသည့် နောက်ဆုံးလျှောက်လဲချက် ပြင်ဆင်မှုများအား ဆွေးနွေးခြင်းဖြစ်သည်။

ဂျွန်ယက်တော ခြံဝင်းအတွင်း ဝင်ရောက်လာခြင်းမှာ လုံခြုံရေးအားနည်းခြင်းဖြစ်သောကြောင့် လုံခြုံရေးတာဝန်ရှိသူများအား အရေးယူခြင်းမရှိသည်မှာ တရားမျှတမှုမရှိဟု ဒေါ်အောင်ဆန်းစုကြည်မှမြင်ကြောင်း ဦးဉာဏ်ဝင်းမှ ပြောသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သက်သေတဦးဖြစ်သူ ဒေါ်ခင်မိုးမိုးအား ဇူလိုင်လ (၁၀)ရက်နေ့က အင်းစိန်ထောင်ရှိ မြောက်ပိုင်းခရိုင်တရားရုံးတွင်စစ်ဆေးခဲ့ရာ ဒေါ်ခင်မိုးမိုးမှ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာသက်ရောက်မှု မရှိတော့သဖြင့် ထိုဖွဲ့စည်းပုံအရ ပြဋ္ဌာန်းထားသောဥပဒေနှင့် တရားစွဲဆို၍ မရနိုင်ကြောင်း ခုခံချေပခဲ့သည်ကို တရားလိုဘက်မှ အစိုးရအပြောင်းအလဲဖြစ်ခဲ့သော်လည်း အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသက်ဝင်လျက်ပင်ရှိသေးကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အမှု နောက်ဆုံးလျှောက်လဲရန် ၂ ရက် အလို ဇူလိုင်လ ၂၂ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် သူမ၏ ရှေ့နေများက တောင်းခံထားသည်ကို ထောင် အာဏာပိုင်တို့မှ ပိတ်ပင်လိုက်ကြောင်း ရှေ့နေများက အာရ်အက်ဖ်အေသို့ ပြောသည်။

ထိုသို့ တွေ့ခွင့်မရသောကြောင့် အပြီးသတ်လျှောက်လဲချက်နှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်ထံမှ အတည်ပြုချက်မယူနိုင်တော့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မပြုနိုင်ကြောင်းသာ အကြောင်းကြားသော်လည်း တွေ့ခွင့်ပိတ်ပင်ရခြင်းအကြောင်းကိုမူ ပြောဆိုသွားခဲ့ခြင်းမရှိကြောင်း ရှေ့နေဦးဉာဏ်ဝင်းမှ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေများ တွေ့ခွင့်မပေးခြင်းသည် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ် လွန်စွာ အားနည်းနေသည့်အချက်အား ဖေါ်ပြနေသည့်အပြင် အမှုတခုလုံးအား ဥပဒေကြောင်းအရသုံးသပ်လျှင် လုံးဝတရားစွဲဆိုစရာ အမှုမဟုတ်ကြောင်း ဦးဉာဏ်ဝင်းမှ ပြောသည်။

ဇူလိုင် ၂၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ ရှေ့နေများအား နေ့လည် ၁၂ နာရီခွဲတွင် တွေ့ဆုံခွင့်ပြုခဲ့သည်။ ထိုသို့ တွေ့ဆုံနိုင်ရန် ၂၄ ရက်နေ့ အပြီးသတ်လျှောက်လဲချက်နှင့် ပတ်သက်၍ ဆွေးနွေးရန် အထူးလိုအပ်ကြောင်း၊ ထောင်အာဏာပိုင်များထံ ထပ်မံစာတင်ခဲ့ရာမှ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အပြီးသတ်လျှောက်လဲချက်အတွက် နောက်ဆုံး ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းအား ပြီးစီးအောင် လုပ်နိုင်ခဲ့ကြောင်း၊ ထို အပြီးသတ်လျှောက်လဲချက်အတွင်း တစုံတယောက်အား ထိခိုက်နစ်နာစေသည့် အချက်အလက်များ မပါရှိစေရန် ဒေါ်အောင်ဆန်းစုကြည်မှ မှာကြောင်းလည်း ရှေ့နေကြီး ဦးဉာဏ်ဝင်းမှ ပြောသည်။

ဇူလိုင် ၂၄ ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုထားသည့်အမှုနှင့် ပတ်သက်၍ အကျဉ်းထောင်တွင်း တံခါးပိတ်တရားခွင်ပြုလုပ်ခဲ့ရာ သူမ၏ ရှေ့နေများမှ အပြီးသတ်လျှောက်လဲခဲ့ပြီး ဥပဒေကြောင်းအရ ခုခံချေပခွင့် အပြည့်အဝမရခဲ့သည်တို့ကိုပါ အလေးပေး တင်ပြခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် အနေနှင့်လည်း ထိုအမှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြောင်း ပြောသည်။

အမှုကြားနာစစ်ဆေးမှု ပြုလုပ်နေစဉ် အကျဉ်းထောင်တဝိုက်တွင် လုံခြုံရေး တင်းကြပ်စွာချထားသည့်ကြားမှ ရာနှင့်ချီသည့် ထောက်ခံအားပေးသူများ စုဝေး ရောက်ရှိခဲ့သည်။

အမှုအတွက် နှစ်ဖက်ရှေ့နေများ အပြီးသတ်လျှောက်လဲချက်တင်ရန် ဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ဥပဒေအကျိုးဆောင်ဖြစ်သူ ဦးကြည်ဝင်း၏လျှောက်လဲချက်ကိုသာ ကြားနာခဲ့ရပြီး တရားလိုအဖြစ် စွပ်စွဲထားသည့်ဖက်မှ အပြီးသတ်လျှောက်လဲရန်အား ဇူလိုင် ၂၇ ရက်သို့ ချိန်းဆိုလိုက်ကြောင်း ရှေ့နေ ဦးဉာဏ်ဝင်းမှ ပြောသည်။

ထိုသို့လျှောက်လဲရာတွင် နေအိမ် အကျယ်ချုပ်ကျခံနေရသူ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း တိတ်တဆိတ် ရေကူးဝင်ရောက်လာသော အမေရိကန်နိုင်ငံသားတဦးအား လက်ခံထားသည်ဆိုသောစွပ်စွဲချက်ဖြင့် တရားစွဲဆိုအပြစ်ပေးရန် လုပ်ဆောင်နေခြင်းကို သူမ၏ ရှေ့နေများမှ ခုခံချေပခြင်းဖြစ်သည်။

တရားရုံးတင်စစ်ဆေးသည့် ကာလတလျှောက် ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ဥပဒေကြောင်းအရ ခုခံချေပခွင့် အပြည့်အဝမရရှိခဲ့သည်တို့ကို ရှေ့နေများမှ လျှောက်လဲခဲ့ပြီး နောက်ဆုံးလျှောက်လဲချက်များ အပြီးမသတ်နိုင်ခြင်းနှင့် ပတ်သက်၍ဒေါ်အောင်ဆန်းစုကြည်မှ ကျေနပ်မှုမရှိကြောင်း ကိုယ်တိုင်မှတ်ချက်ပေး ပြောဆိုခဲ့သည်ဟု ဦးဉာဏ်ဝင်းမှ ပြောသည်။

အမှုစတင်ခဲ့စဉ် တရားလိုအဖြစ် တရားစွဲဆိုခဲ့သည့် အာဏာပိုင်များဘက်မှ သက်သေ ၁၄ ဦးတင်ပြခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဖက်တွင်မူ သက်သေအဖြစ် ၄ ဦးတင်သွင်းခဲ့သည်ကို ၂ ဦးသာ ထွက်ဆိုခွင့်ရခဲ့သည်။ နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းတင်တို့အား တရားရုံးအဆင့်ဆင့် တင်ပြခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းမှာ တရားမျှတမှုမရှိကြောင်း ရှေ့နေများမှ ပြောသည်။

အပြီးသတ်လျှောက်လဲချက် ပေးသည့်နေ့တွင် ထောင်တွင်းတရားခွင်သို့ ဗြိတိန်၊ အီတလီ၊ ပြင်သစ်၊ ဂျာမဏီနှင့် နော်ဝေးနိုင်ငံများမှ သံတမန်များ တက်ရောက် အကဲခတ်ခွင့်ပြုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သက်တမ်းစေ့ရန် ရက်အနည်းငယ်အလိုတွင် ဥပဒေချိုးဖောက်သည်ဟုအကြောင်းပြ၍ တရားစွဲဆိုထားသည်မှာ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အာဏာပိုင်များမှ လုပ်ဆောင်နေကြောင်းနှင့် ၂၀၁၀ ခုနှစ်တွင် စစ်အစိုးရမှပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပါဝင်မှုမရှိစေရန် ရည်ရွယ်နေခြင်းဖြစ်ကြောင်းလည်း သံသယများ ထွက်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေး မဖော်ဆောင်နိုင်ဘဲ ၂၀၁၀ ရွေးကောက်ပွဲပြုလုပ်သွားမည်ဆိုလျှင် ထိုရွေးကောက်ပွဲသည် တရားဝင်မှုမရှိကြောင်း၊ ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကြေညာသင့်သည်ဟုဒေါ်အောင်ဆန်းစုကြည်မှ သူမ၏ သဘောထားကို ထုတ်ဖေါ်ပြောဆိုခဲ့ကြောင်း ရှေ့နေဦးဉာဏ်ဝင်းမှ ဗွီအိုအေသို့ ပြောကြားသွားသည်။

ဇူလိုင်လ ၂၇ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက် စစ်ဆေးခဲ့ရာ တဖက်တရားလိုရှေ့နေများ အနေနှင့် ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာ လျှောက်လဲချက်မပေးနိုင်ကြောင်း ဦးဉာဏ်ဝင်းမှ ပြောသည်။

နံနက် ၁၀ နာရီမှ စတင်စစ်ဆေးခဲ့ပြီး ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အတွက် ဦးလှမျိုးမြင့်မှ လျှောက်လဲချက်ပေးခဲ့ပြီး၊ မစ္စတာယက်ထောအတွက် ဦးခင်မောင်ဦးမှ လျှောက်လဲချက်ပေးကြောင်း၊ ထို့နောက် နေ့လည် ၁ နာရီတွင် ပြန်လည်စတင်၍ အစိုးရရှေ့နေတဦးတည်းမှ လျှောက်လဲခဲ့ရာ ညနေ ၅ နာရီမှ ပြီးစီးသောကြောင့် ဇူလိုင် ၂၈ ရက်နေ့သို့ ထပ်မံချိန်းဆိုကြောင်း ရှေ့နေဦးဉာဏ်ဝင်းမှ ဗွီအိုအေသို့ ပြောသည်။

ဇူလိုင် ၂၇ ရက် တနင်္လာနေ့ အမှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ အစိုးရရှေ့နေမှ ကြိုးစားလျှောက်လဲခဲ့သော်လည်း ဥပဒေရှုဒေါင့်မှကြည့်လျှင် အားရကျေနပ်စရာမကောင်းကြောင်းလည်း ပြောသည်။

အမှုစစ်ဆေးနေစဉ်အတွင်း အင်းစိန်ထောင်ပြင်ပ၌ ယခင်အကြိမ်များကဲ့သို့ လုံခြုံရေးတင်းကျပ်မှုမရှိတော့သော်လည်း ရန်ကုန်မြို့တွင်းနှင့် သမိုင်းလမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ မြေနီကုန်း၊ အင်းစိန်ပန်းခြံတို့တွင် လုံခြုံရေး ထူထပ်စွာချထားကြောင်း သိရှိရသည်။

တောင်းဆိုသည့်နိုင်ငံရေးမှ ကမ်းလှမ်းသည့်နိုင်ငံရေးသို့ ရွှေ့ပြောင်းလာခဲ့သော်လည်း နအဖအနေနှင့် ထိုသို့ ပြုလုပ်မည်မဟုတ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးကွင်းထဲမှ ဖယ်ထုတ်ရန်သာ လုပ်ဆောင်နေကြောင်း၊ ကိစ္စအားလုံးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်စပ်နေကြောင်း၊ ထို့ကြောင့် ကိုးကွယ်မှုနှင့်သော်လည်းကောင်း၊ အန်အယ်လ်ဒီ ခေါင်းဆောင်တယောက် အနေနှင့်သော်လည်းကောင်း ပြောခြင်းမဟုတ်ဘဲ တိုင်းရင်းသားများ၏ယုံကြည်မှု၊ တိုင်းပြည်လူထု၏ ယုံကြည်မှုနှင့် ကမ္ဘာ၏ ယုံကြည်မှုရသူမှာ ဒေါ်အောင်ဆန်းစုကြည် တယောက်သာရှိကြောင်း၊ ထို့ကြောင့်တွေ့ဆုံဆွေးနွေးပွဲလုပ်မည်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်နှင့်သာ လုပ်ရမည်ဖြစ်ကြောင်း ဦးဝင်းတင်မှ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်အရ ဇူလိုင်လ ၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် "ဒေါ် အောင်ဆန်းစုကြည်က ပြစ်မှု ကျူးလွန်၍ တရားစွဲခံနေရသည်"ဟု အဓိပ္ပါယ်သက်ရောက်ကြောင်း၊ ထိုသို့ ပြောဆို ရေးသားခြင်းမှာ တရားရုံးဂုဏ်သိက္ခာ ထိခိုက်ကြောင်း၊ တရားရုံးမှ ဆုံးဖြတ်ရမည့်ကိစ္စအား သတင်းစာတွင် ရေးသားပြောဆိုခြင်းမှာ မဖြစ်သင့်ကြောင်း၊ တဖန် ဒေါ်အောင်ဆန်းစုကြည်အနေနှင့်လည်း တရားဥပဒေ၏ အကာအကွယ်မရရှိဟု သဘောသက်ရောက်ကြောင်း၊ ထို့ကြောင့် ထိုသို့ ရေးသားဖော်ပြချက်အား လိုအပ်သလိုဆောင်ရွက်ပေးပါရန် တရားရုံးသို့ လျှောက်ခဲ့ကြောင်း ရှေ့နေဦးဉာဏ်ဝင်းမှ ပြောသည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၃ ခုနှစ် မေလတွင် စစ်အစိုးရမှ စတင်ဖမ်းဆီးခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနမှ ကုလသမဂ္ဂသို့ တင်ပြခဲ့ဘူးကြောင်း၊ ထိုအချက်များအား မြန်မာ စစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်သေထွက်ဆိုရန်ကိုလည်း တောင်းဆိုခဲ့ကြောင်း ဦးဉာဏ်ဝင်းမှ ပြောသည်။

"Human Right(လူ့အခွင့်အရေးအဖွဲ့)မှာ Working Group (လုပ်ငန်းအဖွဲ့) ရှိနေတယ်ဗျ။ အဲဒီလုပ်ငန်းအဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနက သံအမတ်ကြီး တယောက်က ဖြေကြားထားတယ်၊ ၃ကြိမ်ဖြေကြားထားတယ်၊ အဲဒီ ၃ ကြိမ် ဖြေကြားတဲ့နေရာမှာ ခုနကလို ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းထားတာမဟုတ်ဘူး၊ သူ့ရဲ့လုံခြုံရေးအတွက်သာ ခေတ္တခေါ်ထားတာဆိုပြီး ပြောတယ်။ အဲဒါကြောင့် ဒီအချက်အလက်တွေဟာ ဒီအမှုအတွက် အရေးကြီးတယ်။ ဒါကြောင့် ဒီအချက် အလက်တွေကို လာရောက်ဖြေကြားဖို့ နိုင်ငံခြားရေးရုံးက သက်သေခေါ်ပေးပါလို့ ကျနော်တို့ အဲလိုလျှောက်လဲတာ"ဟု ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ တရားရုံးတွင် အကျိုးဆောင်ရှေ့နေများ၏ တင်ပြချက်များအား NLD ပြောခွင့်ရပုဂ္ဂိုလ်နှင့် ရှေ့နေကြီး ဦးဉာဏ်ဝင်းပြောကြားသည်ကို ဗွီအိုအေ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

ဇူလိုင်လ ၂၈ ရက် အင်္ဂါနေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့အမှုအား နှစ်ဖက် ရှေ့နေများမှ အပြီးသတ်လျှောက်လဲချက် ပေးခဲ့ပြီးနောက် ဇူလိုင်လ ၃၁ရက် သောကြာနေ့တွင် စီရင်ချက်ချရန် ရုံးချိန်းပေးလိုက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေဖြစ်သူဦးဉာဏ်ဝင်းမှ ဗွီအိုအေသို့ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုထားသည့်ပြစ်မှုမှာ ဥပဒေအရ လုံးဝကျူးလွန်မှုမရှိသည့်အတွက် မိမိတို့အနေနှင့် ဒေါ်အောင်ဆန်းစုကြည်မှာ လွတ်မြောက်လိမ့်မည်ဟုမျှော်လင့်ကြောင်း၊ သို့သော် ဒေါ်အောင်ဆန်းစုကြည်အနေနှင့် နှုတ်မှမပြောသော်လည်း အပြစ်ချလျှင် ရင်ဆိုင်ရန် အဆင်သင့်ပြင်ထားကြောင်း၊ ယခုအမှုအား မည်သို့အဆုံးသတ်လိမ့်မည်ဆိုသည့်ကောက်ချက်မျိုးလည်းမပေးကြောင်း ဦးဉာဏ်ဝင်းမှ ပြောသည်။

**စာမျက်နှာ (၈) ကော်လံ (၄) သို့ ....**

## ဘန်ကီမွန်းနှင့်တွေ့ဆုံရသည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနှင့် အားရကျေနပ်မှုမရှိ



၃၊ ၇၊ ၀၉

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်အား ဂျူလိုင်လ (၃)ရက်နေ့တွင် စတင်ခဲ့ပြီး ထိုခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ၂၀၁၀ ရွေးကောက်ပွဲအား တရားမျှတစွာကျင်းပရေး၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ ပြန်စနိုင်ရန်အတွက် တွန်းအားပေးဆောင်ရွက်ရန် လာရောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများ၏ တောင်းဆိုချက်များအား အကောင်းဆုံးနှင့် အထိရောက်ဆုံး တင်ပြနိုင်ရန် ကြိုးစားမည်ဟု မြန်မာနိုင်ငံသို့ရောက်မလာမီ ဂျပန်နိုင်ငံတွင် သတင်းထောက်များအား မစ္စတာဘန်ကီမွန်းမှ ပြောကြားသွားခဲ့သေးသည်။

သို့သော် နယူးယောက်မြို့ အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့မှ စစ်အစိုးရမှပြုလုပ်မည့် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲအား မစ္စတာဘန်ကီမွန်းအနေနှင့် တရားဝင်အသိအမှတ် မပြုသင့်ကြောင်းဆိုသည်။

ဘန်ကီမွန်းအနေနှင့် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်တောင်းခံထားသည်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ တရားရင်ဆိုင်နေရသူ တယောက်ဖြစ်သည်ဟု အကြောင်းပြ၍ လိုက်လျောခြင်းမပြုခဲ့သောကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးခရီးစဉ်မှာလည်း မအောင်မြင်သည့်ခရီးစဉ်ဖြစ်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထောက်ပြထားသည်။

မစ္စတာဘန်ကီမွန်းသည် ခရီးစဉ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးစိုးမြင့်၊ ဦးသန်းထွန်း တို့ (၄) ဦးနှင့်သာ တွေ့ဆုံခွင့်ရခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဘန်ကီမွန်းအား ဆွေးနွေးရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အား တနည်းနည်းဖြင့် ဖြေရှင်းပေးရန်နှင့် ၂၀၀၈ ခုနှစ်က စစ်အစိုးရကိုယ်တိုင်အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်သုံးသပ်ပြင်ဆင်ရေး စသည်တို့အား ဆွေးနွေးရန်ရှိသော်လည်း လုံလောက်သည့် အချိန်မရရှိသည့်အတွက် အပေါ်ယံလောက်သာ ဆွေးနွေးခဲ့ရသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွင် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်စေချင်ပြီး၊ နိုင်ငံရေးပါတီများသည် သဘောထားအယူအဆ မတူကြသော်လည်း ပါတီအားလုံး တသံတည်းဖြစ်ရန်လိုသည်ဟု ဘန်ကီမွန်း၏ ပြောကြားချက်သည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဝင်စေချင်သည့် လေသံများပါနေကြောင်း အဲန်အယ်လ်ဒီ အသိုင်းအဝိုင်းတွင် ပြောဆိုနေကြသည်။

အဖွဲ့ချုပ်မှ ခေါင်းဆောင်များအနေနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခြင်းကြောင့် ဘန်ကီမွန်း၏ ခရီးစဉ်သည် အပြည့်အဝအောင်မြင်မှုမရရှိဟု ဆိုသော်လည်း ယခုကဲ့သို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာပြည်၏အရေးကိစ္စအား လာရောက်ဆောင်ရွက်ပေးခြင်းကို ကြိုဆိုကြောင်း ပြောသည်။ ♦

## အဲန်အယ်လ်ဒီလူငယ်များ ဥပဒေရေးရာ ဆွေးနွေးပွဲ ကျင်းပ




၁၅၊ ၇၊ ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်နှင့်တိုင်းများမှ လူငယ်များအား ဥပဒေရေးရာ ပညာပေးဆွေးနွေးပွဲတရပ်အား ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီရုံးချုပ်တွင် ဇူလိုင်လ(၁၅) ရက်နေ့မှစ၍ (၃) ရက်ကြာ ကျင်းပသွားခဲ့သည်။

ထိုဆွေးနွေးပွဲအား ဥပဒေပညာရှင် ဦးသိန်းညွန့်မှ ဦးဆောင်၍ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းစသည့် တိုင်းနှင့်ပြည်နယ်များမှ လူငယ် (၂၇) ဦး တက်ရောက် လေ့လာခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် အဓိက အားဖြင့် အခြေခံဥပဒေများ၊ ပြည်ထဲရေးနှင့် ပတ်သက်သည့်ဥပဒေများအား လူငယ်များနားလည်စေရန် စီစဉ်ထားပြီး ၎င်းတို့၏ စည်းရုံးရေးလုပ်ငန်းနှင့် ၎င်းတို့၏ဘဝအတွက် အသုံးဝင်စေရန် ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအားကောင်းလာစေရန် ခြေလှမ်းတလှမ်းစထားခြင်းဖြစ်ကြောင်းကို NLDဗဟိုဥပဒေအထောက်အကူပြုအဖွဲ့ဝင် ဦးသိန်းညွန့်မှ ပြောသည်။

ထိုဆွေးနွေးပွဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဗဟုသုတများအပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာစစ်အစိုးရကိုယ်စားလှယ် ပြောကြားခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စနှင့် ပတ်သက်၍လည်း ဥပဒေသတ်မှတ်ချက်များအား ထည့်သွင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ၏ရလဒ်အဖြစ် လူငယ်များ ဥပဒေပညာတိုးပွားလာပြီး ဒေါ်အောင်ဆန်းစုကြည် ရည်မှန်းထားသည့်နှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များအား သိစေကြောင်းနှင့် အပြည့်အစုံမဟုတ်သည့်တိုင် လူငယ်များအနေနှင့် များစွာအကျိုးရှိကြောင်း ထိုဆွေးနွေးပွဲတာဝန်ခံ ကိုမြင့်ငွေမှ ပြောသည်။

ထိုဥပဒေရေးရာဆွေးနွေးပွဲမှာ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ယခုနှစ် ဧပြီလအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာစည်းမျဉ်းနှင့် မူဝါဒဆိုင်ရာ ဥပဒေ သင်တန်းများ ပြုလုပ်ခဲ့သေးသည်။

ဆက်လက်၍ အာဏာနည်နေ့နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရခြင်းနှင့်ပတ်သက်၍ ဂဠုန်ဦးစောအား ပြစ်ဒဏ်ပေးခဲ့သည့်ဥပဒေများကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဦးသိန်းညွန့်မှပြောကြားသည်ကို မဇ္ဈိမသတင်းစာမျက်နှာတွင် ဖော်ပြထားသည်။ ♦

## စာရေးဆရာကြီး လူထုဦးစိန်ဝင်းနေအိမ်မှ တယ်လီဖုန်းလိုင်း ဖြတ်တောက်ခံရ



ဆရာကြီး လူထုစိန်ဝင်း၏ နေအိမ်မှ တယ်လီဖုန်းလိုင်းအား အာဏာပိုင်များမှ ၄၊ ၇၊ ၀၉ နေ့တွင် ဖြတ်တောက်လိုက်ပြီး စာနယ်ဇင်းများတွင်လည်း စာပေရေးသားခွင့်များကိုပါ ပိတ်ပင်လိုက်ကြောင်း သတင်းများအရ သိရသည်။

ထိုသို့ပိတ်ပင်လိုက်ခြင်း အတွက် မြန်မာသတင်းသမဂ္ဂ (BNA) မှ စစ်အစိုးရအား ပြစ်တင်ဝေဖန်လိုက်သည်။

လူထုစိန်ဝင်း၏အိမ်မှ တယ်လီဖုန်းလိုင်းဖြတ်တောက်မခံရမီ နှစ်ပတ်ကျော်တွင် RFAနှင့် တွေ့ဆုံခဲ့ပြီး ဂန်ဘာရီ မြန်မာနိုင်ငံသို့ လာရောက်ခြင်းနှင့်ပတ်သက်၍ "ဂမ်ဘာရီဟာ အချို့နေရာတွေ ကောင်းပါတယ်လို့ဆိုပြီး လိမ်ညာပြီးတော့ လုံခြုံရေးကောင်စီကို အစီရင်ခံနေတယ်။ တိုင်းပြည်အတွက်ကတော့ ကျနော်တို့ မြန်မာပြည်သူလူထုကိုယ်တိုင်ပဲ ဘယ်သူ့မှ အားမကိုးပဲ ကိုယ့်အချင်းချင်းပဲ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သင့်တယ်လို့ ကျနော်က ယူဆတယ်။ NLD အဖွဲ့အစည်းနဲ့ အစိုးရနဲ့ တိုင်းရင်းသားအဖွဲ့တွေ အခုရှိနေကြတဲ့ သုံးပွင့်ဆိုင်အဖွဲ့တွေပေါ့ဗျာ၊ တွေ့ဆုံညှိနှိုင်းသင့်တယ်လို့ ကျနော်က ထင်တယ်၊ ဒီကုလတို့ ဘာတို့အားကိုးပြီးတော့ အချိန်တွေကြာနေပြီ၊ အနှစ် (၂၀)ရှိနေပြီ၊ တိုင်းပြည်က နာသထက်နာနေပြီ၊ လူတွေလဲ ဒုက္ခရောက်သထက်ရောက်နေပြီ"ဟု ပြောဆိုသွားခဲ့သည်။

ဆက်လက်၍ စစ်အစိုးရမှ တွေ့ဆုံဆွေးနွေးရေးအား လက်မခံဘဲ ငြင်းပယ်နေခြင်းသည် NLDအား လေးစားစရာအဖွဲ့အစည်းဟု မယူဆသောကြောင့်ဖြစ်ကြောင်း NLD အား လေးစားစရာအဖွဲ့အဖြစ် ယူဆလျှင် ယခုကဲ့သို့ ညှိနှိုင်းမှုများမရှိဘဲ လုပ်ဆောင်မှာမဟုတ်ကြောင်း ပြောပြီး ဆက်လက်၍

"အဲဒီလို မယူဆတာကလည်း အစိုးရအမှားချည်းမဟုတ်ဘူးဗျ၊ ကျနော့အမြင်အရ NLD ကိုယ်တိုင်ဟာ လေးစားစရာအဖွဲ့အစည်းတရပ်ရယ်လို့ လုပ်ဆောင်မှုပေါ့ဗျာ၊ Activities အနှစ် (၂၀) အတွင်းမှာ ဘာမှမရှိဘူးဗျ"□

ဆက်လက်၍ NLD အနေနှင့် လူငယ်များအား နေရာပေးရမည်ဖြစ်ကြောင်းနှင့် လုပ်ပိုင်ခွင့်များလည်း ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ NLD သည် စွမ်းစွမ်းတမံ လုပ်နိုင်လာမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်နိုင်လာလျှင် အစိုးရမှလည်း လေးစားလာမည်ဖြစ်ကြောင်း၊ NLDသည် ပြည်သူလူထုမှ လုပ်ပိုင်ခွင့် mandate ပေးထားသည့် ပါတီအဖွဲ့အစည်းဖြစ်သောကြောင့် ပြည်သူမှပေးအပ်ထားသော တာဝန်အား မဆောင်ရွက်နိုင်လျှင် ပြည်သူလူထုအား သစ္စာဖောက်ရာရောက်ကြောင်း၊ ထို့ကြောင့် NLD သည် စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်ရန် လူငယ်များအား ပြောခွင့်၊ လုပ်ခွင့်ပေးရန်နှင့် လူငယ်များနှင့် ဝန်းရံပါရန် အကြံပြုပြောကြားသွားသည်။ ♦

## နအဖအလိုကျ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ်ပြောင်းရန် ကေအိုင်အိုလက်မခံ

ကချင်လက်နက်ကိုင်တပ်ဖွဲ့အား နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲရန် နအဖမှတောင်းဆိုထားသည်ကို ကေအိုင်အိုမှလက်မခံဘဲ ကချင်ဒေသ လုံခြုံရေးတပ်ဖွဲ့အဖြစ်သို့ပြောင်း၍ ကချင်ပြည်နယ်အစိုးရအဖွဲ့သစ်အနေနှင့် အာဏာရယူလိုကြောင်း၊ ဇူလိုင်လ (၈)ရက်နေ့မှ (၁၁) ရက်နေ့အထိ မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကေအိုင်အိုအဖွဲ့မှ ဒုဥက္ကဌ ဦးဂေါ်ရီဇော်ဆိုင်း ဦးဆောင်သည့် ဗဟိုကော်မတီဝင် (၈)ဦးပါသောအဖွဲ့နှင့် မပခ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းတို့ တွေ့ဆုံခဲ့ရာတွင် ကေအိုင်အိုအဖွဲ့မှ ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုတွေ့ဆုံပွဲတွင် ၂၀၁၀ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့်အစိုးရသစ်ထံသို့ စစ်အစိုးရမှ အာဏာလွှဲပြောင်းပေးချိန်တွင် ကချင်ပြည်နယ်အစိုးရအတွင်းရှိ အာဏာသုံးရပ်တွင် ကေအိုင်အိုမှ တိုက်ရိုက်ပါဝင်နိုင်ရေးအတွက် မေတ္တာရပ်ခံ တင်ပြထားကြောင်း သိရသည်။

နိုင်ငံရေးပါတီများအား ချက်ချင်းထောင်၍ ရွေးကောက်ပွဲဝင်ရန်မှာ ပြဿနာတခုအား ပြေလည်စေနိုင်မည် မဟုတ်ကြောင်း၊ ကေအိုင်အိုနှင့် ကချင်အမျိုးသားများ၏ ဆန့်ကျင်မှု၊ မကျေနပ်မှုများဖြစ်လာနိုင်ပြီး မလိုလားအပ်သည့် ပြဿနာများ ပေါ်ပေါက်လာနိုင်ကြောင်း ကေအိုင်အိုအဖွဲ့မှ ထောက်ပြထားသည်။

စစ်အစိုးရမှ တောင်းဆိုထားသည့် နယ်ခြားစောင့်တပ်အစား ကချင်ဒေသလုံခြုံရေးတပ်(Kachin Regional Guard Force) KRGF ဟူ၍ အမည်မှည့်ခေါ်ပြီး လက်ရှိတပ်များ တည်ရှိနေရာအတိုင်း ထားရှိသွားရန်နှင့် ကချင်ဒေသလုံခြုံရေးတပ် (KRGF)၏ဖွဲ့စည်းပုံအဆင့်ဆင့်တွင် ကေအိုင်အေမှ အရာရှိ၊ စစ်သည်များဖြင့်သာ ပြင်ဆင်ဖွဲ့စည်းသွားလိုကြောင်း ပြောဆို၍ မြန်မာစစ်အစိုးရတပ်နှင့် ပူးပေါင်းဖွဲ့စည်းမည့် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးအား ကေအိုင်အိုမှ ထိုတွေ့ဆုံပွဲတွင် ငြင်းဆိုလိုက်ကြောင်း သတင်းများအရ သိရှိရသည်။

၂၀၀၉ ခုနှစ် ဧပြီလ (၂၈)ရက်နေ့က နအဖမှ ကေအိုင်အေနှင့် ငြိမ်းအဖွဲ့များအား အင်အားလျှော့ချ၍ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲရန်ပြောဆိုခဲ့ပြီးနောက် ကေအိုင်အိုနှင့် မပခတို့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ နောက်ဆုံးတွေ့ဆုံရာတွင် ယခုလို ပြောကြားလိုက်ခြင်းဖြစ်သည်။ ♦

# ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချခဲ့လျှင် တတိယအကြိမ် သပိတ်မှောက်ကံဆောင်၍ သစ္စာဆို ဒဏ်ခတ်မည်

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်ထောင်တွင်း ထည့်၍ တရားစွဲဆိုစစ်ဆေးနေခြင်းသည် ဥပဒေအရ တရားဝင်မှုမရှိကြောင်းနှင့် ကျူးကျော်ဝင်ရောက်လာသူအား အဓိက မထားပဲ ကျူးကျော်ဝင်ရောက်ခံရသူအား အလေးထားစစ်ဆေးနေခြင်းသည် တရားမျှတမှုမရှိကြောင်း၊ မတရားအမှုဆင်ခြင်း သက်သက်သာဖြစ်ကြောင်း မြန်မာနိုင်ငံ သံဃာ့တပ်ပေါင်းစုကြီးမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည် ယခုရင်ဆိုင်နေရသည့် အမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသံဃာ့တပ်ပေါင်းစု မှပြောခွင့်ရ ဆရာတော် အရှင်မေဓါဝီအား ဘီဘီစီမှ ဆက်သွယ်မေးမြန်းရာတွင် "နအဖအာဏာပိုင်တကာကြီးများအား ဦးဇင်းတို့ ပြောချင်တာက ဒီကိစ္စဟာ အမှန်တော့ လွှတ်ပေးလို့ရတဲ့ကိစ္စပါ၊ လူတွေကလည်း လွှတ်ပေးစေ့ချင်တယ်၊ ပြည်သူတရပ်လုံးရဲ့ မျက်နှာကိုထောက်ထားပြီးတော့ နအဖ ဒကာကြီးတွေက အသိတရားရှိရှိနဲ့ လေးလေး နက်နက်စဉ်းစားပြီးတော့ လွှတ်ပေးကြမယ်ဆိုရင် တိုင်းပြည်ဟာ အေးအေးချမ်းချမ်းနဲ့ ဖြေရှင်းရနိုင်မယ့်အဆင့်ကို ရောက်သွားနိုင်တယ်။ တကယ်လို့ မတရားအမှုဆင်မယ်ဆိုရင် မကျေနပ်မှုတွေ တိုးပွားလာပြီးတော့ကာ တိုင်းပြည်မှာ ဆူပူမှုတွေ၊ အုံကြွမှုတွေ ထပ်ပြီးတော့ ဖြစ်လာလိမ့်မယ်လို့ ဦးဇင်းက ယုံကြည်တယ်လေ။

ဒါကြောင့်ဒကာကြီးတွေ အနေနဲ့ ဒီကိစ္စကို အမြန်ဆုံး ရှိတဲ့အချိန်လေးမှာ အဖြေရှာပြီးတော့ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်အောင်လုပ်ပေးကြပါလို့ ပြောလိုပါတယ်"။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ပေး၍ တွေ့ဆုံဆွေးနွေးကြရန်နှင့် ထိုသို့တွေ့ဆုံဆွေးနွေးမှုဖြင့် မြန်မာနိုင်ငံတွင်ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများမှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း နအဖ စစ်အစိုးရအနေနှင့် ပြည်သူလူထု၏ တောင်းဆိုမှုများအား လျစ်လျူရှု၍ ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချမည်ဆိုလျှင် သံဃာတော်များအနေနှင့် တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်ပြီး ထိုကံဆောင်မှုများ အားလုံးတွင် သစ္စာဆို၍ သစ္စာဒဏ်ခတ်မည်ဖြစ်ကြောင်း၊ ထိုသို့ဒဏ်ခတ်မှုကြောင့် နအဖ စစ်အုပ်စု၏ သားစဉ်မြေးဆက်အားလုံးသည် လက်ရှိလူ့ဘဝနှင့် နောင်သံသရာဘဝဆက်တိုင်း ဆက်လက်ခံသွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သံဃာ့တပ်ပေါင်းစုမှ ဆရာတော် အရှင်မေဓာဝီမှ မိန့်ကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည် အနေနှင့် အကောင်းဆုံးအားမျှော်လင့်ထား၍ အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားသည်ဟုပြောသောကိစ္စနှင့် အဆိုးဆုံး ဖြစ်လာလျှင် မည်သို့ပြင်ဆင်ထားကြောင်း ဘီဘီစီမှ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးခင်မောင်ဆွေအားမေးမြန်းရာတွင် "ရည်မှန်းချက်ပန်းတိုင်ရောက်ရန်အတွက် အကောင်းဆုံးအား မျှော်လင့်လုပ်ဆောင်သွားရန်နှင့် အဆိုးဆုံးနှင့် ကြုံတွေ့ခဲ့လျှင်လည်း ရင်ဆိုင်ကြရမည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ စကားလည်းရှိကြောင်း၊ နိုင်ငံတကာ အာရုံစိုက်နေသည့်ကိစ္စဖြစ်သည့်အတွက် တရားမျှတခြင်း၊ မမျှတခြင်းဆိုသည့်အဖြေ ပေါ်လာမှာဖြစ်ကြောင်းနှင့် မိမိတို့အဖွဲ့ချုပ်အနေနှင့် လမ်းမပေါ်ထွက်ဖို့ အစီအစဉ်မရှိကြောင်း၊ လမ်းမပေါ်ထွက်ဆန္ဒပြခြင်းဖြင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မည်ဟု ၄င်းအနေနှင့် မယုံကြည်ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးခင်မောင်ဆွေမှ ပြောကြားသည်။ ♦

# ဒေါ်အောင်ဆန်းစုကြည် စီရင်ချက်ချမည့်နေ့ အဖွဲ့ချုပ်ဝင်များ ဖမ်းဆီးခံရ



ဒေါ်အောင်ဆန်းစုကြည်အား စီရင်ချက်ချရန် ချိန်းဆိုထားသည့်နေ့မတိုင်မီ ဇူလိုင်လ ၃၀ ရက်နေ့တွင် ရန်ကုန်တိုင်းနှင့် မကွေးတိုင်းတို့မှ အဲန်အယ်လ်ဒီပါတီဝင် (၃၀) ခန့်အား အာဏာပိုင်တို့မှ လိုက်လံဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးခံရသည့်အထဲတွင် ရေနံချောင်းမြို့မှ ကိုမြင့်ငွေ၊ ကိုတင့်လွင်၊ ကိုသန်းမောင်၊ ကိုခင်ဝင်း၊ အောင်လံမှ ဦးအေးမြင့်၊ ကိုမင်းမောင်၊ တောင်တွင်းကြီးမှ ကိုစိုး၊ ကိုပါလေး၊ ကိုကျော်နိုင်၊ မြို့သစ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ ဇင်မမထွန်း၊ ဦးသန်းမြင့်၊ ဒဂုံမြို့သစ်မှ ကိုထိန်ဝင်း၊ မခင်ကြည်၊ မင်းဘူး စကုမှ ဦးသောင်းစိုး၊ နေမျိုးကျော်၊ ပွင့်ဖြူမှ ကိုအောင်ဝင်း၊ ကိုအောင်တင်လင်း၊ မဂ်လာဒုံမှ မခင်မြတ်သူ၊ ဒေါပုံမှ ကိုနေလင်းကျော်၊ သာကေတမှ ကိုနေလင်းစိုး၊ ပခုက္ကူမှ ကိုပိုက်ကို၊ ကိုကျော်မြင့်အေး၊ ကိုဌေးဝင်း၊ ဦတင်ညွှန့်တို့အား ဖမ်းဆီးသွားသော်လည်း မည်သည့်အတွက် ဖမ်းဆီးသည်ကိုမသိရကြောင်းနှင့် သက်ဆိုင်ရာဒေသများတွင်ရှိသည့် အာဏာပိုင်များမှ ခေါ်ဆောင်သွားသည်ကိုသာ သိရှိရကြောင်း အဲန်အယ်လ်ဒီပြောခွင့်ရသူ ဦးအုန်းကြိုင်မှ ပြောဆိုသွားသည်။

ထို့ပြင် မဂ်လာဒုံမြို့နယ် လူငယ်အဖွဲ့ဝင် မခင်မြတ်သူနှင့် ဒဂုံမြို့သစ်မှ ကိုထိန်ဝင်းတို့အား ဖမ်းဆီးခံခဲ့ရသည့် အခြေအနေနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ လူငယ်အဖွဲ့မှ မဖြူဖြူသင်း၏ သိရှိရသမျှ ပြောကြားရာတွင် ကိုထိန်ဝင်းအား ညအချိန်တွင် ခေါ်ဆောင်သွားသည်ကိုသာ ကြားသိရကြောင်းနှင့် မခင်မြတ်သူ၏ ဖခင်ဖြစ်သူအား အာဏာပိုင်များမှ ခေါ်ဆောင်၍ မခင်မြတ်သူအား ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချမည့်နေ့တွင် အင်းစိန်ထောင်သို့မသွားရန် တားဆီးပေးဖို့ ပြောဆိုကြောင်း၊ ထိုကိစ္စနှင့်ပတ်သင်၍ ဝန်ခံကတိရေးထိုးပေးရန်ပြောဆိုရာ ငြင်းဆန်ခဲ့သောကြောင့် မဖြူဖြူသင်းအား ည ၁ နာရီခွဲခန့်တွင် ခေတ္တဟုဆိုကာ လာရောက်ခေါ်ဆောင်သွားပြီး မဂ်လာဒုံ ရဲစခန်းတွင်ထားပြီး အချိန်ကာလ အကန့်အသတ်အတွင်းသာ ခေါ်ဆောင်ထားမည်ဖြစ်ပြီး ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု ကြားသိရသည်။

ထို့နောက် မကွေးတိုင်း ရေနံချောင်းမြို့မှ အန်အယ်ဒီဥက္ကဌ ဦးခင်ဝင်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးတင့်လွင်၊ ဦးမြင့်ငွေနှင့် ဦးသန်းအောင်တို့အား ည ၁ နာရီကျော်တွင် ရေနံချောင်းရဲစခန်းမှ ခေတ္တခဏ မေးမြန်းစရာရှိသည်ဟုဆို၍ ခေါ်ဆောင်သွားကြောင်း ဦးတင့်လွင်၏ဇနီး ဒေါ်ခင်မော်သန်းမှ ပြောဆိုသည်။

၄င်းနောက် မင်းဘူးမှ ဦးသောင်းစိုး၊ စကုမှ နေမျိုးကျော်တို့အား ဖမ်းဆီးသွားခဲ့ပြီး ဦးသောင်းစိုးက အမှတ် (၂) ရဲစခန်းတွင် ဖမ်းဆီးခံထားရကြောင်းနှင့် နေမျိုးကျော်သည် အမှတ် (၁) ရဲစခန်းတွင်ရှိကြောင်း၊ ပွင့်ဖြူမှ ကိုအောင်ဝင်းနှင့် ကျန်တယောက်မှာ ပွင့်ဖြူရဲစခန်းတွင်ထားရှိကြောင်း အဲန်အယ်လ်ဒီပါတီဝင် တဦးမှပြောသည်။

**စာမျက်နှာ (၁၁) ကော်လံ (၄) သို့ ...**

**မွန်ပြည်သစ်ပါတီမှ အဆက် ...**

ခွင့်အရေးတခါမျှ ပေါ်မလာခဲ့ကြောင်း၊ အကယ်၍ မိမိတို့ပါတီအား ဖျက်သိမ်းရန်တောင်းဆိုလာခဲ့လျှင် သို့မဟုတ် တပ်နှင့်ပါတီအား သီးခြားစီ ခွဲထားခဲ့မည်ဆိုလျှင် အပစ်ရပ်စဲခြင်းအား ဆက်လက်ထိန်းသိမ်းနိုင်တော့မည်မဟုတ်ဟု ဆုံးဖြတ်ထားကြောင်း၊ ပစ်ခတ်ရမည်ဆိုလျှင် ရပ်ရွာလူထုငြိမ်းချမ်းနိုင်မည်မဟုတ်ကြောင်းနှင့် တိုင်းရင်းသားများလက်မခံနိုင်သည့် အခြေအနေသို့ရောက်ခဲ့လျှင်လည်း ပြည်တွင်းပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့်ယခုပြောင်းလဲမှုမှာ အရေးကြီးသည့် ပြောင်းလဲမှုတရပ်ဖြစ်ကြောင်း နိုင်ဟံသာမှ ပြောသည်။

ထို့ပြင် ယနေ့နိုင်ငံရေး အခြေအနေမှာ လမ်းဆုံတွင်ရောက်နေကြောင်း၊ ဆုံးဖြတ်ချက်မှားလျှင် အဆိုးဖက်သို့ရောက်မည့် အလားအလာရှိနေကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲအား ၄င်းတို့ပုံစံ အတိုင်း ကျင်းပပြီးစီးခဲ့လျှင်လည်း နိုင်ငံရေးပြဿနာမှာ တစုံတရာတိုးတက် ကောင်းမွန်လာရန် မည်သို့မှမဖန်တီးနိုင်ဟု မြင်ကြောင်း၊ ထို့ပြင် အပစ်ရပ်အဖွဲ့များအပေါ် ကိုင်တွယ်ပုံမှားယွင်းခဲ့မည်ဆိုလျှင် ပြည်တွင်းစစ် တဖန်ပေါက်ကွဲမည့်အနေအထားမျိုးရှိသည်ဟုမြင်ကြောင်း နိုင်ဟံသာမှ ပြောသည်။

မိမိတို့သည် ငြိမ်းချမ်းရေးကို လိုလားခဲ့ပြီး နအဖနှင့် အပစ်အခတ်ရပ်စဲခဲ့သည်မှာလည်း တွေ့ဆုံဆွေးနွေးရန် အတွက်ဖြစ်ကြောင်း၊ ၄င်းတို့မှ ထိုသို့ ဆွေးနွေးရန်မလိုလားဘဲ သေနတ်နှင့် ဖြေရှင်းချင်သည်ဆိုလျှင် မိမိတို့ဘက်မှလည်း ရှောင်လွှဲမရ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ စစ်အစိုးရဖက်မှ တိုက်ပွဲများ ပြန်စလာလျှင် ခုခံနိုင်ရန် ထိုက်သင့်သည့် ပြင်ဆင်မှုများလည်းပြုလုပ်ထားကြောင်း မွန်ပြည်သစ်ပါတီအထွေထွေအတွင်းရေးမှူး နိုင်ဟံသာမှ ပြောကြားသွားသည်။ ♦

**စာမျက်နှာ (၆) မှ အဆက် ...**

၄င်းအမှု အစမှအဆုံးတိုင် ဒေါ်အောင်ဆန်းစုကြည်မှ ဥပဒေကြောင်းအရ စေ့စေ့စပ်စပ် အာရုံစိုက်မှတ်သားခဲ့ပြီး ထိုအချက်အလက်များအားမူတည်၍ ဖြေရှင်းလိုသည့်အချက်များအား ဖြေရှင်းနိုင်ခဲ့ခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ လျှောက်လဲချက်များအပေါ် အားရကျေနပ်မှုရှိကြောင်း၊ ၄င်းပြင် ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေ ဦးဉာဏ်ဝင်း၏လျှောက်လဲချက်တွင် ဒေါ်အောင်ဆန်းစုကြည်၏အမှုနှင့်ပတ်သက်သည့် သဘောထားများ၊ အမှုတခုလုံးနှင့် ပတ်သက်သည့်သူမ၏ယူဆချက်များ၊ တရားဥပဒေစိုးမိုးရေးအတွက် သူမ၏ ယူဆချက်များနှင့် ဥပဒေဆိုင်ရာ အကြံဉာဏ်များလည်း ထူးထူးခြားခြားပါဝင်ကြောင်း၊ သီးခြားအပိုဒ်ထုတ်နှုတ်၍ ထည့်သွင်းလျှောက်လဲခဲ့ကြောင်းလည်း ဦးဉာဏ်ဝင်းမှ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ဒီပဲယင်းမြို့အနီးကျည်ရွာတွင် ဝိုင်းဝန်းတိုက်ခိုက်ခံရပြီး စတင်ဖမ်းဆီးစဉ်က သူမ၏ လုံခြုံရေးအတွက်ဖြစ်သည်ဟု ကုလသမဂ္ဂဆိုင်ရာမြန်မာသံအမတ်ကြီး ဦးညွှန့်မောင်ရှိန်မှ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် ပြောကြားခဲ့သည်ကို အမှုအတွက် အပြစ်မရှိကြောင်းပိုမိုခိုင်လုံစေရန် မြန်မာအစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတဦးအား သက်သေအဖြစ် ထွက်ဆိုမေးမြန်းခွင့်ပြုရန် ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေများမှ ကြိုးစားခဲ့သော်လည်း ၄င်းသက်သေအား အမှုနှင့် အရေးကြီးသည့် သက်သေမဟုတ်ဟု အကြောင်းပြ၍ပယ်ချလိုက်ပြီး စီရင်ချက်ချရန် ရက်ချိန်းပေးလိုက်ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် အမှုအား အင်းစိန်ထောင်တွင်းတရားရုံး၌ ဇူလိုင်လ ၃၁ ရက်နေ့တွင် စီရင်ချက်အမိန့် ချမှတ်ရန် ချိန်းဆိုထားသော်လည်း တရားသူကြီးများဘက်မှ ဥပဒေပိုင်းဆိုင်ရာ ပြဿနာများအား စဉ်းစားသုံးသပ်နေဆဲဖြစ်သည်ဟုဆို၍ ဩဂုတ်လ ၁၁ ရက်နေ့သို့ ရွှေ့ပြောင်းချိန်းဆိုလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုထားသောအမှုမှာ ဥပဒေရေးရာပြဿနာ တစုံတရာရှိနေပြီး ထိုပြဿနာများမှာ သုံးလေးခုမကရှိနေကြောင်း၊ အဓိက ပြဿနာမှာ ၇၄ ခုနှစ် အခြေခံဥပဒေအား အသုံးပြု၍ရမရဖြစ်ကြောင်း၊ မိမိတို့ဘက်မှ အသုံးပြု၍မရဟုတင်ထားကြောင်း ရှေ့နေကြီးဦးဉာဏ်ဝင်း ပြောကြားချက်ကို ဗွီအိုအေ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

တရားရုံးချိန်အား သတ်မှတ်ထားသည့်အတိုင်း နံနက် ၁၀ နာရီတွင် စတင်ခဲ့သော်လည်း သံတမန်များ တက်ရောက်နားထောင်ရန်ကို နာရီပိုင်းအလိုမှသာ ခွင့်ပြုခဲ့ပြီး တရုတ်၊ ရုရှ၊ အမေရိကန်၊ ဗြိတိန်၊ အီတလီ၊ ဂျပန်၊ စင်္ကာပူ စသည့် သံတမန်များ(၁၀) နိုင်ငံကျော်မှ တက်ရောက်ကြောင်းလည်း သတင်းများအရ သိရသည်။

တရားရုံးမှ စီရင်ချက်ချရန် ရက်ရွှေ့ဆိုင်းသည့်အမိန့်မကြေညာမီ ဒေါ်အောင်ဆန်းစုကြည်သည် အမှုအား လေ့လာရန် ရောက်ရှိလာကြသော နိုင်ငံတကာ သံတမန်များအား နှုတ်ဆက်စကားပြောကြားရာတွင် မိမိအနေနှင့် ဒီနေ့ တရားရုံး၏ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုး မိုးမှုရှိမရှိဆိုသည်ကို လက်တွေ့ပြသနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် အပေါ်ချမှတ်မည့်စီရင်ချက်အား ကမ္ဘာအရပ်ရပ်မှ အထူးစောင့်ကြည့်နေသည့်အပြင် ကုလသမဂ္ဂအနေနှင့်လည်း ထိုစီရင်ချက်အပေါ်တွင် တုန့်ပြန်မှုများရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းမှ ပြောကြားထားသည်။ ♦

# သတင်းလွတ်လပ်ခွင့်မရှိခြင်းနှင့် ထိန်းသိမ်းခံ သတင်းသမားများ ပြန်မလွှတ်ပေးလျှင် ၂၀၁၀ ရွေးကောက်ပွဲအား အသိအမှတ်မပြုနိုင်

မြန်မာနိုင်ငံတွင် သတင်း လွတ်လပ်ခွင့်မရှိခြင်းနှင့် အကျဉ်းချထားသည့် သတင်းသမားများအား ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ပြန်လွှတ်မပေးခဲ့လျှင် အဆိုပါရွေးကောက်ပွဲအား အသိအမှတ်မပြုနိုင်ကြောင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာစစ်အစိုးရအား ပြတ်ပြတ်သားသားပြောဆိုရန် လိုအပ်သည်ဟု ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား သတင်းထောက်များအဖွဲ့မှ ပြောကြားသည်။

မြန်မာစစ်အစိုးရသည် ပြည်တွင်းသတင်းမီဒီယာနှင့် နိုင်ငံတကာ သတင်းမီဒီယာအချို့အား ပိတ်ပင်တားမြစ်မှုများ တိုးမြှင့်ဆောင်ရွက်နေခြင်း၊ ရန်ကုန်အခြေစိုက် သတင်းသမား ကိုဇော်ထွန်းအား ထောင်ဒဏ်(၂)နှစ်ချမှတ်ခဲ့ခြင်း၊ သတင်းစာဆရာကြီးဦးဝင်းတင်အား အနောက်အယှက်ပေး ခြိမ်းခြောက်မှုများ ပြုလုပ်ခြင်းတို့အား ပြစ်တင်ရှုံ့ချလိုက်ကြောင်း ဇွန်လ (၂၆) ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်တစောင်ကိုလည်း နယ်စည်းမခြား သတင်းထောက်များအဖွဲ့မှ ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်မြောက်ရေး ဖိအားပေးသည့်အတိုင်း အကျဉ်းကျခံထားရသည့် သတင်းသမားများ၊ ဘလော့ဂါများ လွတ်မြောက်ရေးကိုလည်း ဖိအားပေးတောင်းဆိုသင့်ကြောင်း နယ်စည်းမခြားသတင်းထောက်များအဖွဲ့မှ ဗင်းဆင့်ဘရုပ်ဆဲလ် (Vincent Brossel) မှ ပြောသည်။

ဆက်လက်၍ ၎င်းမှ မြန်မာ နိုင်ငံသည် သတင်းလွတ်လပ်ခွင့် ပိတ်ပင်တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာတွင် အဆိုးရွားဆုံး (၁၀) နိုင်ငံတွင်ပါဝင်ပြီး မြန်မာ့အိမ်နီးချင်း တရုတ်နှင့် ဗီယက်နမ်နိုင်ငံသည်ပင် မြန်မာနိုင်ငံနှင့်နှိုင်းယှဉ်လျှင် သတင်းလွတ်လပ်ခွင့် ပိုမိုရရှိကြောင်း ထောက်ပြသွားသည်။

ထို့ပြင်စစ်အစိုးရသည် သတင်းစာဆရာကြီးဦးဝင်းတင်အား ထောင်မှလွှတ်ပေးပြီး နိုင်ငံသားမှတ်ပုံတင် ထုတ်ပေးခြင်းမရှိသောကြောင့် ဦးဝင်းတင်မှာ နိုင်ငံသားဖြစ်လျက်နှင့် ဧည့်စာရင်းတိုင်၍ နေထိုင်ရကြောင်း ဗွီအိုအေ အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသည်။ ♦

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား မဟတ္တမဂါန္ဒီငြိမ်းချမ်းရေးဆုနှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အမြင့်ဆုံးဆု ချီးမြှင့်

၂၀၀၉ ခုနှစ်အတွက် နိုင်ငံတကာ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာ မဟတ္တမဂန္ဒီဆုပေးပွဲ အခမ်းအနားအား တောင်အာဖရိကနိုင်ငံ ဒါဘန်းမြို့တော်ခန်းမတွင် ဇူလိုင်လ ၂၀ ရက်နေ့က ကျင်းပခဲ့ပြီး မဟတ္တမဂန္ဒီ၏ အကြမ်းမဖက်သည့်မူအား ကျင့်သုံးသူများကိုပေးအပ်သည့် ထိုဆုကို ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်ခဲ့သည်။

တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့အတွက် တစိုက်မတ်မတ် တိုက်ပွဲဝင်ခဲ့သည့်အိန္ဒိယနိုင်ငံ အမျိုးသားခေါင်းဆောင် မဟတ္တမဂန္ဒီ အမှတ်တရဆုအား ၂၀၀၃ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၌ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

မဟတ္တမဂန္ဒီ ထုတ်ဝေခဲ့သည့် Indian Opinion သတင်းစာ နှစ်တရာပြည့် အထိမ်းအမှတ်အဖြစ် စတင်ချီးမြှင့်ခဲ့ခြင်းလည်းဖြစ်သည်။

ထိုဆုအား အာဖရိက အမျိုးသား ကွန်ဂရက်ပါတီ ANC ၏ အမတ်ဖြစ်သူ၊ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏မြေးလည်းဖြစ်သူ အီလာ ဂန္ဒီဦးဆောင်သည့် Gandhi Development Prust ဂန္ဒီဖွံ့ဖြိုးရေးအဖွဲ့မှ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

ထိုဆုအား အဝေးရောက် ညွန့်ပေါင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းမှ ကိုယ်စား တက်ရောက်လက်ခံယူခဲ့ပြီး မြန်မာနိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်သည် ဆင်းရဲသည်ဟု သတ်မှတ်ရသည့်အဆင့်အောက်တွင် ရောက်ရှိနေကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ အခြေအနေနှင့် မြန်မာပြည်သူများ ကြုံတွေ့နေရသော ဒုက္ခဆင်းရဲများကို ထိုအခမ်းအနားတွင် ပြည့်စုံစွာ တင်ပြသွားခဲ့သည်။

ဂန္ဒီဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ Gandhi Development Prust က ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၉ ခုနှစ်အတွက် နိုင်ငံတကာ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ မဟတ္တမဂန္ဒီဆု ချီးမြှင့်ခဲ့သည့်အကြောင်း သတင်းများတွင် တင်ပြခဲ့သည်ဟု အာရ်အက်ဖ်အေမှ ထုတ်လွှင့်ကြေညာခဲ့သည်။

ထိုဆုအပြင် နိုင်ငံရေး ယုံကြည်ချက်ကြောင့်အကျဉ်းကျခဲ့သူ နိုင်ငံရေး အကျဉ်းသားများအနက် အထိကရဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၉ ခုနှစ်အတွက် လူ့အခွင့်အရေး ယုံကြည်မှုဆိုင်ရာ ဂုဏ်ထူးဆောင် သံအမတ်ဆုကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်း

**စာမျက်နှာ (၅) ကော်လံ (၅)သို့...**

# ဘန်ကီမွန်း၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အစီရင်ခံ

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းမှ မြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ ဇူလိုင်လ ၁၃ ရက်နေ့က လုံခြုံရေးကောင်စီတွင် အစီရင်ခံတင်ပြခဲ့သည်။



**ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း**

ထိုခရီးစဉ်နှင့်ပတ်သက်၍ အစီရင်ခံရာတွင် စစ်အစိုးရထံမှ မည်သည့် အရာများ ယူဆောင်လာနိုင်သည်ဆိုတာထက် ၎င်းအနေနှင့် စစ်အစိုးရအား ပြောဆိုခဲ့သည့်စကားများက ပို၍အရေးကြီးကြောင်း၊ လုပ်ဆောင်ရမည့်ကိစ္စများအား ရှင်းရှင်းလင်းလင်းပြောခဲ့ကြောင်း ဘန်ကီမွန်းမှ ပြောသည်။

ဆက်လက်၍ နိုင်ငံတကာ အသိုင်းအဝိုင်းမှ တောင်းဆိုနေသည့် ၂၀၁၀ ရွေးကောက်ပွဲအား နိုင်ငံရေးပါတီများ အားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်ရမည် ဆိုသည့်အချက်ပါဝင်ကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား ၎င်းမှ တင်ပြအဆိုပြုခဲ့သည်များကို မြန်မာစစ်အစိုးရဘက်မှ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ရွေးကောက်ပွဲအား လွတ်လပ်ပြီးတရားမျှတစေရန် ကတိပေးခဲ့ကြောင်း ဘန်ကီမွန်းမှပြောသည်။

ဆက်လက်၍ ထိုသို့ပေးခဲ့သော ကတိအား အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံရေးအင်အားစုပေါင်းစုံပါဝင်သည့်ရွေးကောက်ပွဲဖြစ်စေရန်နှင့် အမှန်တကယ် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ရန်ဆန္ဒရှိကြောင်းဖော်ပြရန် မြန်မာ စစ်အစိုးရအပေါ်တွင် မူတည်နေကြောင်းကိုလည်း ထပ်လောင်းသတိပေး ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မပေးခဲ့ခြင်းအားလည်း အလွန်စိတ်ပျက်ခဲ့ရပြီး မြန်မာနိုင်ငံအတွက် ကြီးမားသောဆုံးရှုံးမှုကြီးလည်းဖြစ်ကြောင်း၊ တွေ့ဆုံခွင့်ပေးခဲ့ပါက မြန်မာပြည်တွင်းနှင့်ပြည်ပ နိုင်ငံတကာကိုပါ မြန်မာစစ်အစိုးရအနေနှင့် အပြုသဘောဆောင်သည့် အချက်ပြမှုမျိုး ပေးနိုင်မည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီသို့ ဘန်ကီမွန်းမှ အစီရင်ခံတင်ပြသွားသည်။ ♦

# ဒေါ်အောင်ဆန်းစုကြည်အမှုအား မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို အမေရိကန်အစိုးရ စောင့်ကြည့်



**အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟေလာရီကလင်တန်နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းတို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တွေ့ဆုံစဉ်**

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဟေလာရီကလင်တန်သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး အဘီဆစ်နှင့် ဇူလိုင်လ (၂၁) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးအပြီး မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်၍ အမေရိကန်အစိုးရ၏ ရပ်တည်ချက်အား ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၌ တိုင်းရင်းသား လူမျိုးစုများအပေါ် အဓမ္မပြုကျင့်မှုများ အပါအဝင် လူ့အခွင့်အရေး ချိုးဖေါက်မှုများအား အလေးထား ပြောကြားသွားသည်။

ထို့ပြင် မစ္စတာအိုဘားမား ဦးဆောင်သည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် ကျင့်သုံးမည့် မူဝါဒသစ်အား ဆိုင်းငံ့ထားရခြင်းမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမှုကြောင့်ဖြစ်ပြီး ၎င်းအမှုအား မည့်သို့ကိုင်တွယ်ဆုံးဖြတ်မည်ကို စောင့်ဆိုင်းနေကြောင်း၊ မြန်မာ စစ်အစိုးရအနေနှင့် ထိုအမှုအား မှန်မှန်ကန်ကန် စစ်ဆေးရန် အမေရိကန်မှ ပြတ်ပြတ်သားသား ပြောဆိုထားပြီးဖြစ်သည်ဟု ပြောခဲ့ကြောင်း သတင်းများအရ သိရှိရသည်။

၎င်းနောက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးခဲ့မည်ဆိုလျှင် အမေရိကန် ပြည်ထောင်စုအနေနှင့် ရင်းနှီး မြှုပ်နှံမှုအပါအဝင် အခြားအခွင့်အလမ်းများပါ ပေးမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထိုသို့ဖြစ်လာရန်မှာ မြန်မာ စစ်အစိုးရအပေါ်တွင်သာ မူတည်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (Hillary Clinton) မှ ပြောသည်။

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) ဝန်ကြီးများအစည်းအဝေးနှင့် ဆက်လက်ကျင်းပမည့် ARF ခေါ် အာဆီယံဒေသတွင်း အစည်းအဝေးမစမီ တရက်အလို သတင်းစာရှင်းလင်းပွဲတွင် ထိုသို့ ပြောသွားခြင်းဖြစ်သည်။

မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် အမေရိကန်ပြည်ထောင်စုမှ တောင်းဆိုထားသည်မှာ ကြာနေပြီဖြစ်သော်လည်း စစ်အစိုးရအနေနှင့် လွှတ်ပေးရန် ဆက်လက်ငြင်းဆန်ဆဲရှိသည်။

ယခုအစည်းအဝေးပွဲသို့ တက်ရောက်လာသည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် အခြားနိုင်ငံများကြားတွင် ပြုလုပ်သည့် ဆွေးနွေးပွဲများမှ တဆင့် မြန်မာစစ်အစိုးရသွားနေသည့် လမ်းကြောင်းများအား ပြောင်းလဲသွားစေရန် ဆွဲဆောင်စည်းရုံးနိုင်သည့် တိုးတက်မှုများ ရရှိလိမ့်မည်ဟု မိမိတို့ အနေနှင့် မျှော်လင့်နိုင်ကြောင်းကိုလည်း မစ္စကလင်တန်မှ ပြောကြားသွားသည်။

# Thinking Classroom Foundation ၏ ဒါရိုက်တာ ဒေါက်တာသိန်းလွင်နှင့် တွေ့ဆုံမေးမြန်းခန်း



Thinking Calssroom Foundation ၏ ဒါရိုက်တာ ဒေါက်တာသိန်းလွင်

*မေး။ ။ အခု ဆရာဆောင်ရွက်နေတဲ့ ပညာရေးလုပ်ငန်းမှာ ဘယ်လိုကဏ္ဍတွေ ခွဲပြီး လုပ်ဆောင်ပါသလဲ။ ဘယ်လို အောင်မြင်မှုတွေရှိပြီးတော့ ဖြတ်သန်းရတဲ့ ကာလတစ်လျှောက်မှာရော ဘယ်လို အခက်အခဲတွေ ရှိခဲ့ပါသလဲ။ ဆိုလိုချင်တာ ပြင်ပ ပညာရေးကို စပြီးထိတွေ့ကြတဲ့ ပညာသင်ကြားသူတွေနဲ့ပတ်သက်ပြီး ဘယ်လို အခက်အခဲတွေများ ရှိခဲ့ပါသလဲ။*

လုပ်တဲ့လုပ်ငန်းသုံးမျိုး ရှိပါတယ်။ ဆရာတွေအတွက် သင်တန်းလုပ်တယ်။ နောက် အလုပ်လာလုပ်ကြတဲ့ မြန်မာပြည်သားလူငယ်တွေအတွက် သင်တန်းဖွင့်ပေးတယ်။ နောက် ဗမာမိသားစုထဲကပါလာတဲ့ ကလေးတွေအတွက် သင်တန်းဖွင့်ပေးတယ်။ အောင်မြင်မှုနဲ့ ပြောရမယ်ဆိုရင် ပညာသင်တန်းကတော့ (၁၀) နှစ်အတွင်း ထောင်ကျော် သင်တန်းဆင်းသွားတယ်။

ကျွန်တော်တို့သင်တဲ့ နည်းစနစ်ကတော့ အစဉ်အလာသင်တဲ့ နည်းစနစ်နဲ့ ကွာခြားတယ်။

ကျွန်တော်တို့က စာသင်ခန်းထဲမှာ ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့နည်းစနစ်နဲ့ သင်ကြားတယ်။ ဆရာအယောက်နှစ်ထောင်လောက် ကျောင်းတွေမှာ ပြန်သုံးတဲ့အခါ ကလေးတွေက ဒီနည်းစနစ်နဲ့ ထိတွေ့ခွင့်ရတယ်၊ အောင်မြင်မှုရနိုင်တယ်။ ပထမအကြိမ်ဆင်းတဲ့ သင်တန်းကစရင် ကျောင်းဖွင့်ခဲ့တာ လေးနှစ်ကျော်သွားပြီ။ သင်တန်းသား သုံးထောင်ကျော်သွားပြီ။ ကျနော်တို့ သင်တဲ့ ဘာသာက ထိုင်းသင်မယ်။ အင်္ဂလိပ်စာ သင်တယ်။ ကွန်ပျူတာသင်တယ်၊ လူငယ်တွေ သင်တန်းတက်တဲ့အခါ ထိုင်း ဘာသာစကား တတ်သွားတဲ့အခါ ထိုင်းမှာ အခက်အခဲမရှိတော့ပဲ နောက် အသက်မွေးဝမ်းကျောင်းသင်တန်းတွေ၊ တက္ကသိုလ် ကောလိပ်တွေတက်ဖို့အတွက် အခြေခံ ရသွားပြီ။ Email, Internet ကနေ သတင်းအချက်အလက် ရှာနိုင်သွားပြီ။

အီလက်ထရွန်းနစ်ကျောင်းကတော့ အကြောင်းကြောင်းကြောင့် မဖြစ်သေးဘူး။ ကလေးတွေ ခရီးသွား လက်မှတ်မရှိတာတို့၊ အချိန်နောက်ကျမှ ရောက်လာတာတို့ဘာတို့ကြောင့် အခက်အခဲကတော့ ရှိတာပေါ့။ ကျနော်တို့က ဆရာတွေကို သင်တန်းပေးနိုင်တာ နည်းစနစ်ပဲ သင်တန်းပေးနိုင်တယ်။ အင်္ဂလိပ်စာ ဘယ်လိုသင်မယ်။ သင်္ချာ ဘယ်လိုသင်မယ်။ မြန်မာစာ ဘယ်လိုသင်မယ်၊ သမိုင်းစသဖြင့် သင်ကြားတဲ့နည်းစနစ်တွေပေါ့။ ဘာသာရပ်ကျွမ်းကျင်မှုအတွက်တော့ ဖြစ်နိုင်တာ ခက်ခဲမှုတော့ရှိမယ်။ နောက် သင်ကြားဖို့အတွက် ဆရာလုံလောက်အောင်မရှိဘူး။

မြန်မာပြည်က ကျောင်းတွေမှာ သင်တဲ့အခါ နည်းစနစ်တော့ နားလည်သွားတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးကလည်း တဖြည်းဖြည်းနဲ့ ဘွဲ့သာရလာတယ်။ အတတ်ပညာ ကောင်းကောင်း မရတဲ့အခါကျတော့ လူတွေ ဒီကျောင်းမှာ ပြန်သင်တဲ့အခါ ဘာသာရပ်အခက်အခဲ နည်းနည်းရှိတယ်။ နောက် အလုပ်သမားကျောင်းနဲ့ပတ်သက်လို့ကတော့ သူတို့မှာ သွားရေးလာရေး နည်းနည်းအခက်အခဲ ရှိတယ်။ မနက်တစ်ကြိမ် ညတစ်ကြိမ်၊ ညဘက်သင်တဲ့အခါကျတော့ ချင်းမိုင်မှာ လုပ်တဲ့ ဗမာအလုပ်သမားတွေ လာသင်တဲ့အခါ တခါတလေ ရဲအဖမ်းခံရတယ်။

ကလေးငယ်လေးတွေလည်း အလားတူ အခက်အခဲရှိတယ်၊ ကျောင်းနဲ့မြို့နဲ့သိပ်ဝေးတဲ့နေရာက ကလေးတွေဆို ဘယ်ကျောင်းမှမတက်ရတဲ့ အဖြစ်မျိုးတွေ ရှိတယ်။

*မေး။ ။ ဗမာပြည် ပညာရေးနဲ့ ပတ်သက်လို့ ဆရာအနေနဲ့ ဘယ်လိုများ သုံးသပ်ချင်ပါသလဲ။*

ဗမာပြည်ပညာရေးနဲ့ ပတ်သက်လို့ပြောရရင် စစ်အစိုးရအုပ်ချုပ်တဲ့ အောက်မှာတော့ ပညာရေးက တဖြည်းဖြည်း ဆုတ်ယုတ်လာတယ်။ ဆုတ်ယုတ်တယ်ဆိုတဲ့နေရာမှာ နည်းလမ်းတကျ ပြောရမယ်ဆိုရင် တချက်က ကျောင်းသားတွေရဲ့ လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ဘူး။ သင်ကြားနည်းစနစ်အရ ပြောမယ်ဆိုရင် စာမေးပွဲစနစ်က ဗမာပြည်ရဲ့ ပညာရေးကို ဖျက်လိုက်တယ်ဗျ။ (၁၀) တန်းအောင်ရင် အမှတ်ကောင်းမှ ဘယ်တက္ကသိုလ် သွားရမယ်။ အမှတ်ဘယ်လောက် ရရမယ် စသဖြင့်စာမေးပွဲကို ဦးတည်လိုက်တဲ့အခါကျတော့ ကျောင်းသားရော၊ မိဘရော၊ ဆရာရောက စာမေးပွဲဖြေဖို့ပဲ အချိန်ပေးတော့တယ်။ ကျူရှင်တွေ ပေါ်လာတာလည်း ဒါကြောင့်ပဲလေ။ စာမေးပွဲဖြေဖို့ ကျောင်းတွေကလည်း စာမေးပွဲဖြေဖို့ စာတွေပဲကျက်ရတယ်။ ခုဆိုရင် စာတောင်မကျက်ကြတော့ဘဲ မေးခွန်းတွေရအောင်ရှာ၊ ပါမယ်ထင်တဲ့ဟာရွေးနဲ့ ကျောင်းသားတွေဟာ ဘာမှမတတ်တော့ဘဲ ဘွဲ့သာ ရသွားတယ်။ သင်တန်းသာပြီးသွားတယ်။ ကောင်းကောင်း မတတ်ကြတော့ဘူး။ အဲဒါဟာ စာမေးပွဲစနစ်ကြောင့်လို့ထင်တယ်။ မြန်မာပြည်ရဲ့ပညာရေးဟာ နိမ့်ကျသွားတာအဲလိုပညာရေးတွေကြောင့်ပါ။ နောက်ပြီးတော့ ပညာရေး အသုံးစရိတ်ကလည်း အရမ်းများတယ်။

ဆရာတွေမှာလည်းလုံလောက်အောင် အချိန်မပေးနိုင်ဘူး။ စာသင်တဲ့ အထဲမှာ အာရုံမစိုက်နိုင်ဘူး။ အဲဒီ အခက်အခဲတွေကြောင့် ကျောင်းသားတွေမှာ ပညာရေး အခက်ကြုံရတယ်။ စာသင်ခွင့်ရပြန်တော့လည်း တတ်မြောက်အောင် လုပ်ပေးတာမဟုတ်ပဲနဲ့ စာမေးပွဲ အောင်ဖို့ပဲ လုပ်ပေးတော့တယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ပေါ့။ တက္ကသိုလ်အဆင့် ပြောရမယ်ဆိုရင် တက္ကသိုလ်ပညာဟာ ကျောင်းသားတွေ တကယ်လေ့လာသင်ယူစရာ မဟုတ်တော့ပဲ သင်ရတဲ့စာလေးတစ်ပုဒ်၊ နှစ်ပုဒ်ပဲ ကျက်ပြီးဖြေရတဲ့အခါကျတော့ ဘွဲ့ရရုံ သက်သက်ပဲဖြစ်နေတယ်။ စာကို တတ်မြောက်အောင် လုပ်သင့်တယ်။

နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ယှဉ်ကြည့်။ နိုင်ငံတကာ တက္ကသိုလ်တွေမှာ သင်တဲ့ဘာသာရပ်ဆိုင်ရာတွေကို စာအုပ်စာတမ်းတွေမှာ ရှာဖွေလေ့လာ၊ ဆရာတွေကို မေးမြန်း၊ အဲလိုနည်းနဲ့ သင်ယူတဲ့ဘာသာကို တကယ်တတ်အောင် သင်ကြတယ်။ ကျနော်တို့ ဗမာနိုင်ငံ တက္ကသိုလ်တွေက သင်ယူချင်တဲ့ဘာသာကို တကယ်တတ်အောင် သင်တာမဟုတ်တော့ဘဲ တစ်ပုဒ်နှစ်ပုဒ်ကျက်ဖြေ၊ စာမေးပွဲအောင်ပြီးတော့ ဘွဲ့လက်မှတ်ရဖို့ပဲ စိတ်ကရှိနေတော့ တိုင်းပြည်က အများကြီး နိမ့်ကျနေတယ်။

*မေး။ ။ ရွှေ့ပြောင်းအလုပ်သမားတွေထဲက အမှန်တကယ် အရည်အချင်း ပြည့်မီသူတွေရှိပြီး တက္ကသိုလ် ပညာဆက်သင်ချင်သူတွေအတွက် ဆရာတို့မှာ အစီအစဉ်များ ရှိပါသလား။*

အဲဒါက သူတို့ရဲ့ အခြေခံပညာရေး အရည်အချင်းအဆင့်ကို မြှင့်ပေးတာပဲရှိတယ်။ အင်္ဂလိပ်စာလိုရင် အင်္ဂလိပ်စာ အရည်အချင်းမြှင့်ပေးတယ်။ သူတို့ အတွက် လိုအပ်မယ့်တက္ကသိုလ်ရဲ့ သတင်းအချက်အလက်တွေပေးတယ်။ စကောလားလျှောက်ဖို့ သတင်းအချက်အလက်တွေ ပေးတယ်။ သူတို့ကိုယ်တိုင် လျှောက်ရတာပေါ့။ ကိုယ်တိုင်ကြိုးစားရတာပေါ့။

ကျနော်တို့ကတော့ လိုအပ်တဲ့ အခြေခံလေးပေးပြီးတော့ အကြံဉာဏ်ပေးတဲ့ အဆင့်ပဲရှိတယ်။ သူတို့ကို စကောလားရစ်ရအောင် လုပ်ပေးနိုင်တဲ့ အဆင့်မရှိသေးဘူး။ အကြံဉာဏ် ပေးနိုင်တာပဲရှိတယ်။

*မေး။ ။ ဆရာ့အနေနဲ့ ဘာများဖြည့်ပြီး ပြောချင်ပါသေးလဲ။*

ပြောချင်တာကတော့ ပညာရေးဘက်မှာ အားလုံးတာဝန်ရှိတယ်လေ။ ကျောင်းသားရော၊ မိဘရော၊ သက်ဆိုင်ရာဒေသဆိုင်ရာတာဝန်ရှိသူတွေရော ပညာရေးမှာ တကယ် တတ်မြောက်သင်ယူအောင် လုပ်ဖို့ပါ။ အစိုးရလုပ်နေတာကိုပဲ စောင့်နေတာ မဟုတ်တော့ပဲ ရပ်ရွာတွေ၊ မြို့ရွာတွေမှာ ကျောင်းသားတွေ တကယ်သင်ယူနိုင်ပြီးတော့ တကယ် တတ်မြောက်တဲ့ ပညာရေးဖြစ်ဖို့ ဝိုင်းဝန်းကြိုးစားဖို့၊ ကျောင်းမရှိတဲ့နေရာမှာ ကျောင်းတွေ ထောင်ပေးမယ်။ ကျောင်းရှိပြီးသား နေရာတွေမှာလည်း ကလေးတွေကို တကယ်သင်ယူတတ်မြောက်အောင်လုပ်ဖို့၊ ရပ်ရွာကလည်း ကျောင်းသားတွေဖတ်နိုင်မယ့် စာအုပ်တွေစုဆောင်းပေးဖို့၊ အဲဒီလို ဝိုင်းလုပ်နိုင်မယ်ဆိုရင် လူငယ်တွေ တကယ်လေ့လာသင်ယူမယ်ဆိုရင် ပညာရေးဟာ တိုးတက်နိုင်တယ်။ ဒီလိုမျိုး ကျနော်က လူထုပညာရေးကို အကြံပေးချင်ပါတယ်။

သူကမလုပ်သေးရင် လူထုကိုယ်တိုင်ဦးဆောင်တဲ့ လူထုလှုပ်ရှားမှု အနေနဲ့ ပညာရေးစနစ်လုပ်ဖို့ပါပဲ။ ♦

နောက်ကျောဖုံးမှ အဆက် ....

များမှညွှန်ကြားခဲ့ပြီး အသံချဲ့စက်မဖွင့်ရန်လည်း တားဆီးခြင်းခံရသည်။

အာဇာနည်နေ့ အခမ်းအနားကျင်းပသော တောင်ထီးလင်းကျောင်းတိုက်ရှေ့တွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၏ အမျိုးမျိုးနှောက်ယှက်ဟန့်တားခြင်းများကိုလည်း ခံခဲ့ရသည်။

ညောင်ဦးမြို့ အဲန်အယ်လ်ဒီ အဖွဲ့ဝင်များသည် ဘုန်းကြီးကျောင်းတွင် ဆွမ်းသင်္ကန်းကပ်လှူခဲ့ကြပြီး ရွှေစည်းခုံဘုရားတွင် ဝတ်ပြုဆုတောင်းခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့ အဲန်အယ်ဒီအဖွဲ့ဝင်များကလည်း ဘုန်းကြီးကျောင်း ၄ ကျောင်းတွင် ဆွမ်းချိုင့်များ ကပ်လှူနိုင်ခဲ့ကြသော်လည်း ဗိုလ်ချုပ်ကျောက်တိုင်အား သော့ခတ်ထားသောကြောင့် ပန်းခွေချခွင့်မရကြောင်း သိရသည်။

မြင်းခြံမြို့တွင် လုံခြုံရေး အထူးတင်းကြပ်ထားပြီး အာဏာပိုင်များမှနေ၍ အဲန်အယ်လ်ဒီအဖွဲ့မှ ဆွမ်းစားဖိတ်လျှောင်မကြွရန် လိုက်လံပိတ်ပင်ခဲ့ကြောင်း သိရသည်။

ထိုသို့ တင်းကြပ်နေသည့် ကြားမှ ကျူရှင်ကျောင်းတကျောင်းတွင် ကျောင်းသား ၁၅၀ ကျော် စုရုံး၍ ဆရာများမှ အာဇာနည်နေ့နှင့်ပတ်သက်သည့် ဟောပြောပွဲတခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေနံချောင်းတွင် ရွှေစေတီ ပါဠိတက္ကသိုလ်၌ ဆွမ်းကပ်လှူခဲ့ပြီး အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးခင်ဝင်းနေထိုင်ရာ ဘူးကျွန်းကျေးရွာတွင် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပွဲများ ပြုလုပ်ခဲ့သည်။

ထိုဘူးကျွန်းကျေးရွာသို့ အသွား လှေဖြင့်ဖြတ်ကူးရာတွင် လှေသမားများအား ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းမှ လှေများဖြင့် ပို့ဆောင်မပေးရန် တားမြစ်သောကြောင့် အဲန်အယ်လ်ဒီအဖွဲ့ဝင်များမှာ ကိုယ်ပိုင်လှေများဖြင့် သွားခဲ့ရသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့တွင် သံဃာတော်ငါးပါးအားပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့သည်။ အာဏာပိုင်များဘက်မှ လာရောက်သော ဧည့်သည်များအား နှောက်ယှက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေတောင်မြို့ရှိ မဟာငါးဆူကျောင်း စာသင်တိုက်တွင် သံဃာတော် အပါးငါးဆယ်ကျော်အား အာရုံဆွမ်း ဆပ်ကပ်လှူဒါန်းခဲ့ကြပြီး ဗိုလ်ချုပ် အောင်ဆန်းမိသားစုဓါတ်ပုံ နှစ်ထောင်အား ပြည်သူများထံသို့ ပေးဝေခဲ့ကြသည်။

မြိတ်မြို့တွင်လည်း အဖွဲ့ချုပ်ဝင် ၃၀ ခန့်က ဆွမ်းကပ်လှူဒါန်းခဲ့ပြီး ယာယီအဖွဲ့ချုပ်ရုံးတွင် အခမ်းအနားကျင်းပခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့တွင် အဲန်အယ်လ်ဒီ စည်းအဖွဲ့ဝင်များနှင့် လူငယ်အဖွဲ့ဝင်များစုပေါင်း၍ ပုလဲလမ်းရှိ ဥက္ကဋ္ဌ ဦးအောင်ရွှေနေအိမ်တွင် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းရာတွင် အဖွဲ့ဝင် ၅၀ ခန့် တက်ရောက်ခဲ့ကြောင်းနှင့် အာဏာပိုင်များမှ နှောက်ယှက်ဟန့်တားမှု မရှိသော်လည်း စောင့်ကြည့်ခဲ့သည်ဟု အာရ်အက်ဖ်အေ သတင်းစာမျက်နှာတွင် ဖော်ပြထားသည်။ ♦

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်



**အမှတ် – ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း**

**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

၂၀၀၉ ခုနှစ် ဩဂုတ်လ (၃) ရက်
၁၃၇၁ ခုနှစ် ဝါခေါင်လဆန်း(၁၃) ရက်

### ကြေညာချက်အမှတ် – ၂၃/ ၀၇/ ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားစွဲဆို ထားသောအမှုနှင့် စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဇူလိုင်လ (၂၄) ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ အပြီးသတ် လျှောက်လဲချက် တင်သွင်းခဲ့ပါသည်။

ယင်းအပြီးသတ်လျှောက်လွှဲချက်တွင် ဤအမှုနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားအမြင်ကို ဖော်ပြခဲ့ပါသည်။ ယင်းသဘောထားအမြင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"(စ)" မိမိအပါအဝင် ပုဂ္ဂိုလ် (၄) ဦး အပြစ်ရှိ၊ မရှိ တရားသူကြီးများသည် စီရင်ဆုံးဖြတ်ရတော့မည်ဖြစ်သည်။ ယင်းစီရင်ဆုံးဖြတ်ချက်သည် ကျွန်ုပ်တို့နိုင်ငံတွင် တည်ရှိနေသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့် တရားမျှတမှုရေးရာ၊ အဆောက်အအုံ တစ်ခုလုံးအပေါ်တွင် ချမှတ်သော စီရင်ဆုံးဖြတ်ချက်လည်း ဖြစ်လိမ့်မည်။

ကျွန်မ၏ အိမ်ခြံဝင်းအတွင်းသို့ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ (၃၀) ရက်နေ့အပါအဝင်၊ ယခုအမှုတည်ဆောက်ထားသော ကျူးကျော်ဝင်ရောက်မှု နှစ်ကြိမ်လုံးတို့တွင် ကျွန်မသည် ကျူးကျော်ဝင်ရောက်လာသောသူကိုဖြစ်စေ၊ ယင်းသို့သော ကျူးကျော်ဝင်ရောက်ခြင်းမျိုးကို တားဆီးရန် တာဝန်ရှိသူများကိုဖြစ်စေ၊ ဒုက္ခရောက်စေမည့် အကျိုးဆက်များ မဖြစ်စေလိုသော ရန်ငြိုးကင်းမဲ့သော စိတ်ထားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ယိုးစွပ်ခြင်းပြုမည့်အစား ထားသင့်ထားထိုက်သော သင့်ရုံ တော်ရုံသဘောထားမှု၊ နားလည်သည့် သဘောထားမှုနှင့် တာဝန်သိမြင်သော သဘောထားမှုများကို အစွမ်းကုန်ထားရှိခြင်းသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းများ၌ လုံခြုံရေးနှင့် ညီညွတ်ရေးတို့ကို ဥပဒေကသာ အုပ်ထိန်းခြင်းပြုသည်ဆိုသော ယေဘုယျသဘော ဖြစ်ပေါ်စေပါလိမ့်မည်။

ကျွန်မကို (၅) နှစ်ကျော် အိမ်အကျယ်ချုပ်ဖြင့် ထားခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ အရေးယူခဲ့မှုများကို ဥပဒေနှင့် ညီ၊ မညီ စုံစမ်းမှုမပြုဘဲ ယခုကျွန်မအပေါ် စွဲချက်တင်မှုများအား မှန်ကန်စွာဖြစ်စေ၊ ပြည့်စုံစွာဖြစ်စေ၊ သုံးသပ်၍ ရနိုင်မည် မဟုတ်ချေ။ ယင်းကာလအတွင်း ကျွန်မ၏ ရှေ့နေများသည် တရားဥပဒေစိုးမိုးရေးတွင် အလွန်မှ ဟန်ချက်ကို ပိုင်းခြား သိမြင်စေနိုင်သော ထိုက်သင့်သောဆောင်ရွက်မှု (Due Process) များ ရရှိနိုင်ရန်၊ အလွန်စေ့စပ်သေချာသော ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ အလားတူ နှစ်ခွန်းနှစ်ခွ မဟုတ် သံသယကင်းစေသော "တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်" ဆိုသော "မှု" မှာလည်း တရားဥပဒေ စိုးမိုးရေးအတွက် အလွန်မှ ဟန်ချက်ကို ပိုင်းခြား သိမြင်စေနိုင်သော "မှု" ဖြစ်ပါသည်။ (**Equally Critical is the principle that justice must not only be done but must be seen to be done, clearly and unequivocally**)

ဤအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအပေါ် အဓိပ္ပါယ်ပိုင်းခြား၍ ကျင့်သုံးမှုများနှင့် ပတ်သက်၍ "ထုံးနည်းမကျသော" ကျင့်သုံးမှုများ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းအကြောင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ပင် အတည်ဖြစ်မှု ရှိ၊ မရှိဆိုသော ပြဿနာသည် ပေါ်ပေါက်ခဲ့ပေသည်။ ယင်းသို့ ပေါ်ပေါက်ခဲ့မှုကြောင့်လည်း အစိုးရဆိုသော ဂုဏ်အင်္ဂါသဘောနှင့်လည်း စပ်ဆိုင်ခဲ့ပါသည်။ ဥပဒေနှင့် ကိုက်ညီပြီး တရားမျှတသော အုပ်ချုပ်မှု၏ အကာအကွယ်တစ်ရပ်ဖြစ်သော၊ ဥပဒေနှင့် အညီပြုမူသော ဆောင်ရွက်ခြင်း လိုအပ်ပါသည်။

ကျွန်မသည် ဤရုံးရှေ့တွင် စစ်ဆေးကြားနာလျက်ရှိသော စွဲချက်များအပေါ် အပြစ်မရှိပါ တင်ပြခဲ့ခြင်းနှင့်အတူ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍လည်း တရားဥပဒေစိုးမိုးရေးဆိုသည်မှာ အဂတိလေးပါးကင်းသော၊ ချွတ်ယွင်းချက်ကင်းစင်သော၊ တရားမျှတသော၊ အပြစ်လည်းမဆိုနိုင်သော ဉာဏ်ပညာနှင့် ကောင်းမြတ်သော စိတ်စေတနာနှင့် မြင်သာထင်ရှားကာ တာဝန်ခံနိုင်သည့် စီမံခန့်ခွဲမှုမျိုးဖြစ်သည်ဟု တင်ပြလိုပါသည်။ "(ဆုံး)"

၃–၈–၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်

ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့တို့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

### အဖွဲ့ချုပ်ဝင်များဖမ်းဆီးခံရခြင်းမှ ...

အလားတူ တောင်တွင်းကြီးမြို့မှ အဲန်အယ်လ်ဒီပါတီဝင်များအား လာရောက်ဖမ်းဆီးရာတွင်လည်း အကြောင်းကိစ္စ တစုံတရာပြောဆိုသွားခြင်း မရှိသော်လည်း ခေါ်ဆောင်သွားသည်ကိုသာ သိရှိရကြောင်း အာရ်အက်ဖ်အေသို့ ဖြေကြားသွားခဲ့သည်။

မကွေးတိုင်း အောင်လံမြို့နယ်မှ ဦးအေးမြင့်နှင့် ကိုမင်းမောင်တို့အား လာရောက်ခေါ်ဆောင်သွားစဉ် ဧည့်စာရင်းစစ်သည့်အနေဖြင့် ဝင်ရောက်စစ်ဆေး၍ ၎င်းတို့နှင့်လိုက်ပါရန် ခေါ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် ကိုမင်းမောင်အား ခေါ်ဆောင်သွားသူ၏ အမည်မှာ မြို့နယ်မှူး ဦးစိုးသန်းနှင့် ဒုရဲအုပ်ကျော်ထူးဖြစ်ကြောင်း၊ ဦးအေးမြင့်အား ခေါ်ဆောင်သွားသူကို မသိရှိရသေးကြောင်း ဒေသခံအမျိုးသမီး တဦးမှ အာရ်အက်ဖ်အေသို့ ပြောကြားသွားသည်။

ထိုသို့ ဖမ်းဆီးမှုများရှိခဲ့ခြင်းမှာ ဒေါ်အောင်ဆန်းစုကြည်အမှု စီရင်ချက်ချမည့် ဇူလိုင်လ ၃၁ ရက်နှင့် တိုက်ဆိုင်နေခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချမှတ်ခဲ့မည်ဆိုလျှင် ဆူပူလှုပ်ရှားမှုများ ဖြစ်လာနိုင်ခြင်းကြောင့် ကြိုတင် ကာကွယ်သည့်အနေဖြင့် စစ်အစိုးရမှ ယခုလို ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အကဲခတ်သူများမှ သုံးသပ်ကြသည်။

ထိုသို့ ခေါ်ယူဖမ်းဆီးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အမှု စီရင်ချက်ချရန် ဩဂုတ်လ ၁၁ ရက်နေ့သို့ ရက်ချိန်းပေးလိုက်ပြီး နောက်ပိုင်းတွင် အဖွဲ့ချုပ်ဝင်များအား ပြန်လည်လွှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ခွင့်မရှိကြောင်းနှင့် မိမိတို့အား ခြိမ်းခြောက်သည်ထက်ပြည်သူလူထုအား ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့ အဖွဲ့သားများအား ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံခြင်းများ ပြုလုပ်ခြင်းကြောင့် ပို၍သွက်လက်လာပြီး ပိုမိုစည်းလုံးမိလာကြောင်း ရေနံချောင်းစည်းအဖွဲ့ဝင် ဦးတင့်လွင်မှ သုံးသပ်ပြောဆိုသည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲများ ပိုမိုစိတ်လာ၍ လူထုအင်အားစုကြီးဖြစ်မည်ကို စိုးရိမ်သောကြောင့် ယခုကဲ့သို့ ခေါ်ယူရခြင်းဖြစ်ကြောင်းကို အာဏာပိုင်တို့က ပြောကြောင်း၊ မိမိတို့အဖွဲ့ချုပ်ဝင်များသာမက ပြည်သူလူထုကပါ ဒေါ်အောင်ဆန်းစုကြည်အား လွတ်မြောက်စေချင်သည့်ဆန္ဒ ပြင်းပြစွာရှိနေသောကြောင့် ယခုလို မိမိတို့အား ဖမ်းဆီးထားရုံ၊ ဟန့်တားထားရုံမျှနှင့် မရနိုင်ကြောင်း၊ မိမိတို့အားဖမ်းဆီးထားသော်လည်း ပြည်သူလူထုမှ ဆုတောင်းပွဲများအား နေရာအနှံ့တိုး၍လုပ်ဆောင်နေခြင်းသည် ပြယုဂ်တခုဖြစ်ကြောင်း၊ ဒေါ်စုအား လွှတ်ပေးရန် ဆန္ဒရှိကြသည့်စိတ်အား တားဆီး၍မရနိုင်ကြောင်း ရေနံချောင်းမှစည်းအဖွဲ့ဝင် ဦးသန်းအောင်မှလည်း ပြောကြားသည်။

ပခုက္ကူမြို့နယ်စည်း အဖွဲ့ဝင်များဖြစ်သည့် ဦးပိုက်ကို၊ ဦးတင်ညွန့်၊ ကိုကျော်မြင့်အေးနှင့် ကမ္ဘရှာမှ ကိုဌေးဝင်းတို့အား ၃၁ ရက်နေ့နံနက်တွင် ခေါ်ယူ စစ်ဆေးပြီး ည ၈ နာရီတွင် ပြန်ပို့ပေးခဲ့သည်။

ယခုလိုဖမ်းဆီးခြင်းနှင့် ပတ်သက်၍ သံမိဋ္ဌာန်ချထားပြီးဖြစ်သောကြောင့် မလျော့ကြောင်း၊ အများ ပြည်သူကြောက်ရွံ့စေရန်ရည်ရွယ်၍ ယခုလို ဖမ်းဆီးခြင်းကြောင့် ပြည်သူများ ကြောက်မည်ဖြစ်သော်လည်း မိမိတို့အပေါ်တွင် ထောက်ခံမှုပိုမိုရရှိလာကြောင်းကို တိုင်းလူငယ်အထောက်အကူပြုအဖွဲ့ဝင် ကိုဌေးဝင်းမှ ပြောသည်။

မင်းဘူးမြို့မှ အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးသောင်းစိုးအား ညပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ပြီး ဦးသောင်းစိုး မပါသော်လည်း ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် မန်းရေနံမြေ အလုပ်သမား ၁၀၀ ကျော်သည် မြစေတီဘုရားတွင် ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။

အဖွဲ့ချုပ်အဖွဲ့ဝင်များအား နိုင်ငံရေးနှင့်ပတ်သက်သည့်ကိစ္စများတွင် တရားဥပဒေဘောင်ကျော်လွန်၍ လူ့အခွင့်အရေး ဖေါက်ဖျက်မှုများ၊ ခေါ်ယူစစ်ဆေးမေးမြန်းမှုများပြုလုပ်နေခြင်းသည် စစ်အစိုးရအနေနှင့် အဖွဲ့ချုပ်၏ တရားဝင် ရပ်တည်နေမှုအပေါ် ၎င်းတို့ချမှတ်သည့် အကန့်အသတ်ဘောင်အတွင်းမှ ပြုလုပ်စေချင်သည့် သဘောသက်ရောက်နေသည်ဟုမြင်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် သွန်သင်မိန့်မှာခဲ့သည့် ညီညွတ်မှု အင်အားပိုကောင်းလေ အောင်ပွဲမြန်မြန်ရလေပဲ ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မိမိတို့ ဒီမိုကရေစီအင်အားစုများ အားလုံးနှင့် ပြည်သူလူထုတို့ ညီညီညွတ်ညွတ်ပူးပေါင်း ချိတက်ကြစေရန် တိုက်တွန်းလိုသည်ဟု စကုမှ ကိုနေမျိုးကျော်ကပြောသည်။

ထို့နောက် တောင်တွင်းကြီးမှ အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးမောင်စိုး၊ အတွင်းရေးမှူး ဦးပါလေးနှင့်အဖွဲ့ဝင် ကိုကျော်နိုင်တို့အားလည်း ပြန်လည်လွှတ်ပေးခဲ့သည်။ အလားတူ အောင်လံစည်းအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးမင်းမောင်တို့လည်း ညပိုင်းတွင် ပြန်လည် လွတ်မြောက်လာကြောင်း သိရှိရသည်။

ထိုဖမ်းဆီးမှုတွင် မကွေးတိုင်းအတွင်းမှ ၁၅ ယောက်ဖြစ်ပြီး ပြန်လည်လွတ်မြောက်လာသည့်အထဲတွင် ပွင့်ဖြူစည်းအဖွဲ့ဝင်ဖြစ်သည့် ဦးအောင်ဝင်းနှင့် ၎င်း၏သား ကိုသူရအောင်တို့မှာမူ ပြန်လည်လွတ်မြောက်လာခြင်းမရှိသေးပဲ ကျူးရှင်ဥပဒေနှင့် အရေးယူထားကြောင်း သိရှိရသည်။

ထိုသို့ ဖမ်းဆီးခံခဲ့ရသူများအား ကိုယ်ရေးရာဇဝင်များကိုသာ မေးမြန်းခဲ့ပြီး တားဆီးဟန့်တားမှုများ၊ ခံဝန်လက်မှတ်ထိုးခိုင်းခြင်းများမရှိကြောင်းနှင့် ဖမ်းဆီး စစ်ဆေးခံခဲ့ရသော်လည်း ပြန်လည်လွတ်မြောက်လာကြသည့် အဲန်အယ်လ်ဒီပါတီဝင်များမှာ ပိုမိုတက်ကြွစည်းလုံးလာကြောင်းတို့ကို အာရ်အက်ဖ်အေ အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသည်။

♦

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ်သို့ ...

**အယ်ဒီတာချုပ်**
**ဇီဝိုး**

**တာဝန်ခံအယ်ဒီတာ**
**နွာညို၊ ရေချမ်း**

**စာမျက်နှာဖွဲ့စည်းမှု**
**မောင်ကျော်**

**စာမူများ၊ ဝေဖန်အကြံပြုစာများအား အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်သည်။**

**P.O.Box (91),**
**Tak 63110,**
**Mae Sod ,**
**Thailand.**
**admin@binamojo.org**
**www.binamojo.org**

ပြည်တွင်း

လှုပ်ရှားမှုဓာတ်ပုံများအား

အသုံးပြုခွင့်ပေးသည့်

နိုင်ငံရေး

အံ့တုမှုကော်မတီအား

မိုးကြိုးသတင်းစဉ်မှ

အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

## နအဖမှ ထိုးစစ်ဆင်လာလျှင် ခုခံနိုင်ရန် ထိုက်သင့်သည့် ပြင်ဆင်မှုများပြုလုပ်ထား


**မွန်ပြည်သစ်ပါတီ အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာ**

မွန်ပြည်သစ်ပါတီ၏ တပ်မတော် မွန်အမျိုးသားလွတ်မြောက်ရေး တပ်မတော်အား နယ်ခြားစောင့်တပ် (သို့မဟုတ်) ဌာနေ ပြည်သူ့စစ်တပ်အဖြစ် အသွင်ပြောင်းရန်ကိစ္စအား ဇူလိုင်လဆန်းပိုင်းက ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင် အပြီးသတ်ဆုံးဖြတ်ချက် မချနိုင်သောကြောင့် ဗဟိုကော်မတီဝင် အစည်းဝေးတရပ် ထပ်မံကျင်းပရခြင်း ဖြစ်သည်ဟု မွန်ပြည်သစ်ပါတီမှ ပြောသည်။

နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးကိစ္စအား ဇွန်လဆန်းပိုင်းတွင် မွန်ပြည်သစ်ပါတီဥက္ကဌနှင့် တိုင်းမှူးတို့၏ နောက်ဆုံးတွေ့ဆုံခဲ့စဉ်က ပါတီ၏ တပ်မတော် (မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော်)အား ဥပဒေဘောင် အတွင်း ဆက်လက်ရပ်တည်နိုင်ရေးအတွက် ပါတီ၏သဘောထားကို ဇူလိုင်လကုန်ပိုင်းတွင် တင်ပြရန် ဗိုလ်ချုပ်သက်နိုင်ဝင်းမှ တောင်းဆိုထားခဲ့ခြင်းဖြစ်သည်။

နယ်ခြားစောင့်တပ်အဖြစ် အသွင်မပြောင်းခဲ့လျှင် မွန်ပြည်သစ်ပါတီ၏ ဌာနေပြည်သူ့စစ်အဖွဲ့အနေနှင့် လက်ရှိတပ်တည်ရှိရာအတိုင်း ဆက်လက်အုပ်ချုပ်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မွန်ပြည်သစ်ပါတီ၏လက်ရှိရပ်တည်ချက်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား စစ်အစိုးရမှ ပြင်ဆင်ခြင်းမပြုလျှင် ပါတီအနေနှင့် ရွေးကောက်ပွဲဝင်ရန်နှင့် တပ်အသွင်ပြောင်းရန် လက်ခံမည်မဟုတ်ကြောင်း ငြင်းဆိုထားသည်။

မြန်မာစစ်အာဏာပိုင်များမှ မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးမတိုင်မီ မြန်မာ့စစ်တပ်လက်အောက်ရှိ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန်တောင်းဆိုရာမှ ပြည်သူ့စစ်ဖွဲ့ စည်းရန် ပြောင်းလဲတောင်းဆိုခဲ့ပြန်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ မိမိတို့အဖွဲ့အစည်းအနေနှင့် အခြားအဖွဲ့အစည်းများကဲ့သို့ လက်မခံနိုင်မှန်း နအဖမှ သိရှိသောကြောင့် ထိုအဆင့်အားလက်မခံလျှင် ပြည်သူ့စစ်အသွင်ဖြင့်သော်လည်းကောင်း၊ အခြားမည်သည့်အဆင့်ပုံစံမျိုးနှင့် လက်ခံနိုင်မည်ကို သဘောထား မေးမြန်းလာခဲ့သောကြောင့် ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများအား ပြန်လည် သုံးသပ်ပြီး လိုအပ်သည့်ပြင်ဆင်မှုများ လုပ်ဆောင်ရန် အရေးပေါ်အစည်းအဝေး ခေါ်ရခြင်းဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာမှ အာရ်အက်ဖ်အေသို့ ပြောကြားသွားသည်။

ဆက်လက်၍ အပစ်အခတ် ရပ်စဲရေးလုပ်ခြင်းသည် နိုင်ငံရေး ပြဿနာအား နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်ရန် ရည်ရွယ်ခဲ့ပြီး ထိုသို့ဖြေရှင်းနိုင်ရန်လည်း အပစ်ရပ်စဲခဲ့သည့်ကာလတလျှောက် မိမိတို့မှ တောင်းဆိုခဲ့ကြောင်း၊ သို့သော်လည်း အ

စာမျက်နှာ (၈) ကော်လံ (၃) သို့...

## အာဇာနည်နေ့အထိမ်းအမှတ် ဒေါ်အောင်ဆန်းစုကြည် အင်းစိန်ထောင်တွင်းပြုလုပ် အဖွဲ့ချုပ်ဝင်များလည်း မြန်မာနိုင်ငံအနှံ့ ဆင်နွှဲ

ဇူလိုင် ၁၉

ဒေါ်အောင်ဆန်းစုကြည်သည် ချုပ်နှောင်ထားသည့် အင်းစိန်အကျဉ်းထောင်အတွင်း ဖခင်ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သည့်ဇူလိုင်လ(၁၉) ရက်နေ့က ထောင်တွင်းဆေးရုံရှိ အကျဉ်းသားများအား အလှူအတန်းပြုလုပ်ခဲ့သည်။

ဆေးရုံရှိလူနာ ၃၃၀ အတွက် ကွေကာအုပ်နှင့် ကိတ်မုန့်များအား လှူတန်းခဲ့ကြောင်းနှင့် ဆန္ဒရှိသည့်အတိုင်း ဆောင်ရွက်နိုင်ခွင့်ရကြောင်းသိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သည့် ၁၉ နှစ်အတွင်း ၁၃ နှစ်ခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ဖခင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် အာဇာနည် ၉ ဦးအား ဇူလိုင်လ (၁၉)ရက် အာဇာနည်နေ့တွင် ဂါရဝပြုရန် နှစ်စဉ်တက်ရောက်နိုင်ခြင်း မရှိခဲ့သည့်အတိုင်း ယခုနှစ်တွင်လည်း အကျဉ်းကျခံနေရပြီး ဖခင်၏ဈာပနအား အကျဉ်းထောင်အတွင်း အလှူဒါနပွဲလေးတခုဖြင့် အောက်မေ့တသ ဂါရဝပြုခဲ့ရသည်။

ထိုနည်းအတူ ၆၂ နှစ် ပြည့်မြောက်သည့် အာဇာနည်နေ့ အခမ်းအနားအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များနှင့် ပြည်သူလူထုပါဝင်သည့် အာဇာနည်နေ့အထိမ်းအမှတ်ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်သံဃာတော် (၅) ပါး ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားအား အာဏာပိုင်များ၏ ကန့်သတ်မှုများကြားမှ ပြုလုပ်ခဲ့ရကြောင်း၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၏ နှောက်ယှက်မှုများရှိပြီး ဖမ်းဆီးမှုများလည်းရှိကြောင်း သိရသည်။

ရန်ကုန်မြို့အခြေစိုက် သံဃာ့တပ်ပေါင်းစုအဖွဲ့မှ သံဃာ (၁၀) ပါး ပင့်ဖိတ်၍ အိမ်တအိမ်တွင် ဆွမ်းသွပ်အမျှဝေပွဲ ပြုလုပ်ခဲ့ကြောင်း၊ အာဇာနည် ခေါင်းဆောင်ကြီးများအား အမျှအတန်း ပေးဝေခြင်းနှင့် ပရိတ်ရွတ်ဖတ်ခြင်းများပြုလုပ်ခဲ့ပြီး ရှေ့ဆက်လုပ်ဆောင်ရန်အစီအစဉ်များ ရှိကြောင်း ဦးဆောင်ဆရာတော် အရှင်ရာဇန္ဒကမှ အာရ်အက်ဖ်အေသို့ ပြောကြားသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ဝင် (၅၇)ဦးသည် အာဇာနည်ဗိမာန်သို့ သွားရောက် အလေးပြုခွင့်ရရှိသော်လည်း ရုံးချုပ်မှအထွက်တွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခံရကြောင်း သိရသည်။

အာဇာနည်ဗိမာန်တွင် အဖွဲ့ချုပ်ဝင်တို့၏ရင်ထိုးများအား ဖြုတ်ခိုင်းခြင်းနှင့် ငါးယောက်တတွဲ သွားရောက်ဂါရဝပြုရကြောင်း၊ ပြန်အထွက်ဂိတ်ဝတွင် ထပ်မံစစ်ဆေးခံရခြင်းကြောင့် စိတ်အနှောက်အယှက်ဖြစ်ရကြောင်း အယ်လ်အန်ဒီ လူငယ်အဖွဲ့ဝင်မအေးမြမြလွင်မှပြောသည်။

မန္တလေးတိုင်း မိတ္ထီလာမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကျင်းပသည့် အခမ်းအနားတွင်လည်း မိတ္ထီလာခရိုင်မှ အန်အယ်ဒီအဖွဲ့ဝင်များ အပါအဝင် ပရိသတ် (၆၀ )ကျော် တက်ရောက်ခဲ့ကြသည်။

ထိုအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာသည့် ဝမ်းတွင်းမြို့ အဲန်အယ်လ်ဒီ တွဲဘက်အတွင်းရေးမှူး ကိုအောင်သူအပါအဝင် စည်းအဖွဲ့ဝင် ၄ ဦးအား မိတ္ထီလာမြို့အဝင်တွင် ခေတ္တ တားဆီးခြင်းခံရကြောင်း သိရသည်။

မိတ္ထီလာမြို့ ခယက အတွင်းရေးမှူး ဦးခင်မောင်ဦး ခေါင်းဆောင်သည့် စွမ်းအားရှင် ၄၀ ကျော်နှင့် တားဆီးခြင်းဖြစ်ကြောင်း၊ အခမ်းအနားတွင် ဘုန်းကြီးဆွမ်းကပ်သည်ကို မီချင်ကြောင်းနှင့် အခမ်းအနားစရန် နီးကပ်နေပြီဖြစ်ကြောင်း ပြောသည်ကို အထက်အမိန့်စောင့်နေသည်ဟုပြော၍ စောင့်ဆိုင်းစေပြီး နေ့လည် ၁ နာရီ ဆယ့်ငါးမိနစ်မှ သွားခွင့်ပြုခဲ့ကြောင်း ကိုအောင်သူမှ ပြောသည်။

မန္တလေးတိုင်း အဲန်အယ်လ်ဒီ အဖွဲ့ဝင်များအားလည်း လူ ၅၀ ထက် မပိုစေဘဲ အခမ်းအနားပြုလုပ်ရန် အာဏာပိုင်

စာမျက်နှာ (၁၀) ကော်လံ (၅) သို့ ...

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီ အထူးအစည်းဝေးတရပ် အောင်မြင်စွာကျင်းပပြီးစီး


**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီ၏အထူးအစည်းဝေး ကျင်းပနေစဉ်**

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီ၏ အထူးအစည်းဝေးကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ဇူလိုင်လ (၂၀)ရက်နေ့မှ (၂၄)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး လက်ရှိနိုင်ငံရေးဖြစ်စဉ်များအပေါ် ခြုံငုံသုံးသပ်ချက်နှင့် ပါတီလုပ်ငန်းအစီရင်ခံစာအား ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ တင်ပြခဲ့ပြီး တက်ရောက်လာကြသော ဗဟိုကော်မတီဝင်များနှင့်အတူ ထိုလုပ်ငန်းအစီရင်ခံစာအား ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထိုအစည်းဝေးသို့ တက်ရောက်ခွင့်ရှိသူ ဗဟိုကော်မတီဝင် စုစုပေါင်း (၂၃)ဦး ရှိသည့်အနက် (၁၁)ဦးနှင့် (Mandate) ပေးပို့သူ (၇) ဦးရှိသဖြင့် စုစုပေါင်းတက်ရောက်သူမှာ (၇၈ ဒသမ ၂၆) ရာခိုင်နှုန်းဖြစ်ပြီး တက်ရောက်လာကြသည့် ရဲဘော်များမှာ ရဲဘော်အောင်မိုးဇော်၊ ရဲဘော်ယဉ်ထွေး၊ ရဲဘော်ခင်မောင်တင့်၊ ရဲဘော်ငွေလင်း၊ ရဲဘော်မင်းလွင်၊ ရဲဘော်ထွဋ်ဦးလှိုင်၊ ရဲဘော်ဇော်ဇော်ထွန်း၊ ရဲဘော်တိုးတိုးထွန်း၊ ရဲဘော်ရီရီထွန်း၊ ရဲဘော် မင်းမင်းဦး၊ ရဲဘော်အောင်ကျော်စိုးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းဝေးတွင် လတ်တလော ဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံအခြေအနေနှင့် နိုင်ငံတကာ အခြေအနေများအောက်တွင် (၂၀၀၈) ခုနှစ်၊ မေလ၌ နအဖမှ ရေးဆွဲအတည်ပြုထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ဥပဒေတွင်း၊ ဥပဒေပဆန့်ကျင်တိုက်ဖျက်သွားရန်အတွက် ပြင်ဆင်ထားရေး၊ သိပ်သည်းကျစ်လစ်၍ အရည်အချင်းပြည့်မီသည့် ပါတီတရပ်အဖြစ် တည်ဆောက်သွားရေးအပါအဝင် နိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီ အထူးအစည်းဝေးကျင်းပရခြင်းနှင့်ပတ်သက်၍ ပါတီဥက္ကဌ ရဲဘော် အောင်မိုးဇော်မှ ယနေ့ ရင်ဆိုင်ကျော်ဖြတ်နေရသည့်အခြေအနေများနှင့် ရေရှည်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများအတွက်ပါ မည်သို့ပြင်ဆင်ထားရမည်ကို ရဲဘော်များကြားတွင် အကြိတ်အနယ် ဆွေးနွေးအဖြေရှာရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေတွင် ပိုင်းဖြတ်ချက်ရှိရှိမလုပ်လျှင်၊ ပိုင်းဖြတ်ချက်ရှိရှိ ပြင်ဆင်မထားခဲ့လျှင် အနာဂတ်တွင် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ရနိုင်ကြောင်းနှင့် လုပ်ဆောင်ရာတွင်လည်း ခက်ခဲလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပါတီတရပ်လုံးအနေနှင့် ပြင်ဆင်ရေးများ ပြုလုပ်ထားကြရန် အရေးကြီးကြောင်းကို ရဲဘော် အောင်မိုးဇော်မှ ပြောကြားသွားသည်။

၄င်းနောက် အစည်းအဝေးတွင် အထွေထွေ နိုင်ငံရေးသဘောထားနှင့် လတ်တလောလုပ်ငန်းစဉ်များကို ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့်အညီ ပြင်ဆင်တိုးချဲ့အတည်ပြုခဲ့ပြီး ပါတီ၏ ဖွဲ့စည်းမှုကိုလည်း ပြင်ဆင်ပြောင်းလဲ၍ ဗဟိုဦးဆောင်ကော်မတီအား အောက်ပါ အတိုင်း ပြန်လည်ဖွဲ့စည်းခဲ့သည်။

(၁)ရဲဘော်အောင်မိုးဇော် – ဥက္ကဌ
(၂)ရဲဘော်ယဉ်ထွေး – ဒုတိယဥက္ကဌ
(၃)ရဲဘော်ခင်မောင်တင့် – အထွေထွေ အတွင်းရေးမှူး
(၄)ရဲဘော်ငွေလင်း – တွဲဘက် အထွေထွေ အတွင်းရေးမှူး
(၅)ရဲဘော်မင်းလွင် – ဗဟိုဦးဆောင် ကော်မတီဝင်
(၆)ရဲဘော်ထွဋ်ဦးလှိုင် – ဗဟိုဦးဆောင် ကော်မတီဝင်
(၇) ရဲဘော်ဇော်ဇော်ထွန်း – ဗဟိုဦးဆောင် ကော်မတီဝင်
(၈) ရဲဘော်တိုးတိုးထွန်း – ဗဟိုဦးဆောင် ကော်မတီဝင်တို့ဖြင့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဗဟိုဦးဆောင်ကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၄င်းနောက် ဗဟိုကော်မတီ အထူးအစည်းဝေးအပြီး ဇူလိုင်လ (၂၅) ရက်နေ့တွင် ဗဟိုစည်းရုံးရေးအဖွဲ့ဝင်များနှင့် ပြည်ပဌာနခွဲတာဝန်ခံများ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာရောက်ပါတီဝင်များ အနေနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ချမှတ်ခဲ့ကြသည်။ ♦